ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၃၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၆၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ၃၁-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်ပခရီးစဉ်။ ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)၊ ကျန်းမာရေး။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပြည်ပခရီးစဉ်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်ပခရီးစဉ်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်ပခရီးစဉ်။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးဇဝန၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးလှဦး၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပ ခရီးစဉ်။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဖက်ဒရယ်ရေးရာဆွေးနွေးပွဲတက်ရောက်ရန်။ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန် ထမ်းဆောင်ရန်။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန် ထမ်းဆောင်ရန်။ ဗိုလ်မှူးမင်းအောင်ဖြိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်နှင့် ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ခွင့်ပန်ကြားသူ (၁၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြ အပ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။**　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စုနှင့် ရှင်မဒိန်အုပ်စုအကြား ပြည်သူများ သွားလာမှု လွယ်ကူစေရန်အတွက် ဆိုင်ကယ်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။**　　။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စုနှင့် ရှင်မဒိန်အုပ်စုအကြား ပြည်သူများ သွားလာမှု လွယ်ကူစေရန်အတွက် ဆိုင်ကယ်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ ပလက်ဝမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် မြန်မာနိုင်ငံ၏ တောင်ဘက် အစွန်ဆုံးတွင် တည်ရှိပြီး ဒီကနေ့အထိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေဆဲ ဖြစ်ပါတယ်။ ဒေသတွင်း အုပ်စုအချင်းချင်း တစ်ရွာနှင့်တစ်ရွာ သွားလာရာတွင် ရေလမ်း၊ ကုန်းလမ်း၊ ခြေလျင်များဖြင့် သွားလာနေရပါတယ်။ အခု တင်ပြတောင်းဆိုထားသောလမ်းသည် လွန်ခဲ့သော(၄)နှစ်ခန့်က NGO အဖွဲ့၏ အကူအညီဖြင့် တစ်ပိုင်တစ်နိုင် ပေါက်တူး၊ ပေါက်ပြား အသုံးပြု၍ ဖောက်လုပ်ထားကာ အူလမ်းကြောင်း ရှိပြီးသားဖြစ်ပါတယ်။ အဆိုပါလမ်းသည် စစ်ရေးစစ်ရာ အဓိကကျသော လမ်းတစ်ခု လည်း ဖြစ်ပါတယ်။ ကုန်းတွင်းပိုင်းနေ ဒေသခံများသည် တစ်ပိုင်တစ်နိုင် ဒေသထွက်သီးနှံများ ရောင်းချ ရာတွင် ကျောကုန်းပေါ်ထမ်းပြီး ခြေလျင်ခရီးဖြင့် ရောင်းဝယ်ခဲ့ရပါတယ်။ ဈေးခရီး သွားလာရာတွင် ခြေလျင်ခရီးဖြင့် ဒီနေ့အထိ သွားလာရဆဲ ဖြစ်ပါတယ်။ ပကတိ အခြေအနေမှန်ကိုသာ တင်ပြရခြင်းဖြစ်၍ ယခု တောင်းဆိုတင်ပြထားသော ဆိုင်ကယ်လမ်းသည် အများပြည်သူများ ခရီးသွားလာ လွယ်ကူစေရေး အတွက် အဓိကရည်ရွယ်ပါတယ်။

အဆိုပါလမ်းကို ဖောက်လုပ်ပေးမည်ဆိုပါက ကျေးရွာပေါင်း(၁၁)ရွာကို အများကြီး အကျိုးပြု စေမှာ ဖြစ်ပါတယ်။ ၎င်းလမ်းကို ၂၀၁၇-၂၀၁၈ န.တ.လ ဌာနမှ အိန္ဒိယအထောက်အပံ့ဖြင့် ဆောင်ရွက် နိုင်ရန် လျာထားခဲ့သော်လည်း ရန်ပုံငွေ ပါဝင်လာနိုင်ခြင်းမရှိခဲ့ပါ။ ယခုတစ်ကြိမ်မှာတော့ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါတယ်။ ဝေးလံခေါင်သီသော ဒေသ ဖြစ်သည်နှင့်အညီ ဘင်္ဂလားဒေ့ရှ်-မြန်မာ နယ်စပ်မှတ်တိုင်များရှိသော ကျေးရွာဒေသလည်း ဖြစ်ပါတယ်။ နေ့စဉ်နေ့တိုင်း ၎င်းလမ်းအား ဖြတ်သန်းသွားလာသော ကျေးရွာနေပြည်သူများသည် ခရီးမိုင် (၈)မိုင်ခန့်ကို အသွားအပြန် ခြေလျင်ဖြင့် သွားနေတုန်းပင် ဖြစ်ပါသောကြောင့် နိုင်ငံတော်မှ ဖောက်လုပ်ပေးရန် အလွန်သင့်တော်ပါ၍ အချိန်အခါကောင်းလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စုနှင့် ရှင်မဒိန်အုပ်စုအကြား ပြည်သူများသွားလာမှု လွယ်ကူစေရန် အတွက် ဆိုင်ကယ်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ က ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဘော်ရယ်စိုးဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့တွင် နယ်စပ် ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းများကို မြန်မာနိုင်ငံရှိ နယ်စပ်ဒေသများတွင် လက်သမား၊ ပန်းရံ၊ သံချည်သံကွေး၊ အခြေခံစက်ပြင်၊ လျှပ်စစ်နှင့် ဂဟေသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပြီး ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ခြင်း၊ မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည်ဆောင်ရွက်နိုင်ခြင်း၊ ကိုယ်ပိုင်စီးပွား ရေးလုပ်ငန်းများတွင် လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းစေလျက် နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ စားဝတ်နေရေး တိုးတက်ဖြစ်ထွန်းစေနိုင်တာကို လေ့လာသိရှိ ရပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများတွင် သင်တန်းကျောင်းပေါင်း (၇)ကျောင်း ဖွင့်လှစ် ပေးနိုင်ခဲ့ပြီး ဆက်လက်ဖွင့်လှစ်ရန် ခွင့်ပြုမိန့်ရရှိထားသည့် (၂)ကျောင်း ရှိကြောင်းကိုလည်း လေ့လာ သိရှိရပါတယ်။ အဲဒါကြောင့် နယ်စပ်ဒေသတစ်ခုဖြစ်တဲ့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့မှာ ဒေသ ဖွံ့ဖြိုးရေး တည်ဆောက်ရေး၌ ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းရေးနဲ့ တိုင်းရင်းသားများ လူနေမှု အဆင့်အတန်း မြင့်မားလာစေရေးကို ရှေးရှုမျှော်မှန်းပြီးတော့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဗိုလ်ချုပ်သန်းထွဋ်မှု (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်းရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စုနှင့် ရှင်မဒိန်အုပ်စုအကြား ပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် ဆိုင်ကယ်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ နှစ်တိုစီမံကိန်းများ ရေးဆွဲလျာထားပြီး ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေအဖြစ်သာမက သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့လည်း ပေါင်းစပ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကုန်းတော်အုပ်စုနှင့် ရှင်မဒိန်အုပ်စုအကြား ဆိုင်ကယ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဟာ မူလစီမံကိန်း(၅)နှစ်တွင် ပါဝင်ခြင်းမရှိပါသဖြင့် လတ်တလော ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်းနှင့် အကယ်၍ အဆိုပါလုပ်ငန်းများဟာ ဒေသအတွက် စဉ်ဆက်မပြတ် အကျိုးဖြစ်ထွန်းစေပြီး သက်ဆိုင်ရာကနေပြီးတော့ စိစစ်တင်ပြလာမည်ဆိုပါက ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ ရရှိမှုပေါ်မူတည်ပြီးတော့ ဦးစားပေးဆောင်ရွက်နိုင်ရေး ချင်းပြည်နယ် အစိုးရအဖွဲ့မှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေရဲ့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့မှာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကွပ်ကဲမှုအောက်မှာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှိပါတယ်။ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်များရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ရန် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်းများကို ရှမ်းပြည်နယ်မှာ မိုင်းလားနဲ့ ကွတ်ခိုင်၊ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ

ပန်ဆန်း၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လောက်ကိုင်၊ ဧရာဝတီတိုင်းဒေသကြီးမှာ လပွတ္တာ၊ ကယားပြည်နယ်မှာ ဘားအံ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ ရခိုင်ပြည်နယ်မှာ ကျောက်ဖြူနဲ့ ပုဏ္ဏားကျွန်းတို့မှာ စုစုပေါင်း(၉)ကျောင်းအထိ ဖွင့်လှစ်ထားရှိပါတယ်။

အဆိုပါကျောင်းများမှာတော့ တိုင်းရင်းသားလူငယ်များရဲ့ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးကို ရည်ရွယ်ပြီးတော့ ကွန်ပျူတာသင်တန်း၊ အီလက်ထရောနစ်သင်တန်း၊ မိုဘိုင်းဖုန်းပြုပြင်ရေး သင်တန်း၊ လက်သမား၊ ပန်းရံ၊ သံချည်သံကွေး၊ စက်ပြင်၊ ဆိုင်ကယ်ပြင် စတဲ့ပညာရပ်များကို အသက် မွေးဝမ်းကျောင်းပြုလုပ်လိုသူ လူငယ်များကို စုစည်းပြီးတော့ နိုင်ငံတော်ရဲ့ ထောက်ပံ့မှုဖြင့် ကျွန်တော်တို့ လေ့ကျင့် ပညာသင်ကြားပေးနေလျက် ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ဒီးမော့ဆိုမြို့နယ်မှာ နယ်စပ်ဒေသ တိုင်းရင်း သားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ လွိုင်ကော်မြို့မှာ ကျွန်တော်တို့ ဖွင့်လှစ်ပေးဖို့ ကျွန်တော်တို့ လျာထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခါ လွိုင်ကော်နဲ့ ဒီးမော့ဆိုမြို့နယ် ဆိုတာကလည်း (၁၀)မိုင်ပဲ ဝေးကွာတဲ့အတွက် ကျွန်တော်တို့ လွိုင်ကော်မှာ ဖွင့်လှစ်ထားပြီးဖြစ်တဲ့အတွက် ဒီးမော့ဆို ကနေပြီးတော့ သင်တန်းတက်ရောက်မယ့် ကလေးတွေအနေနဲ့ အလွယ်တကူ တက်ရောက်ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ နယ်စပ်ဒေသ လူငယ်များ စက်မှုလက်မှုပညာသင်ကျောင်းများဟာ မြို့နယ်တစ်မြို့နယ်အတွက်သာ ကိုယ်စားပြုခြင်း မဟုတ်ပါဘူး။ ကျွန်တော်တို့ သင်တန်းကျောင်း ဖွင့်လှစ်တဲ့မြို့နယ်နဲ့ ဆက်စပ်ဒေသများမှာ တိုင်းရင်းသား လူငယ်များကိုပါ လေ့ကျင့်သင်ကြားပေးလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ဒီးမော့ဆိုမြို့မှာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်ကျောင်း ဖွင့်လှစ်ရန် လတ်တလော အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ စမ့်ကြီးရွာ၊ ငလှိုင်ရွာ၊ ငါးဘတ်အိုင်ရွာများမှ ပုသိမ် - မုံရွာ လမ်းမကြီးပေါ်သို့ ဆက်သွယ်သွားလာရာတွင် လိုအပ်သော ငါးဘတ်အိုင်ချောင်းကို ဖြတ်သည့် အလျား(၆၀)ပေ ငလှိုင်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးက မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ စမ့်ကြီးရွာ၊ ငလှိုင်ရွာ၊ ငါးဘတ်အိုင်ရွာများမှ ပုသိမ် - မုံရွာလမ်းမကြီးပေါ်သို့ ဆက်သွယ်သွားလာရာတွင် လိုအပ်သော ငါးဘတ်အိုင်ချောင်းကို ဖြတ်သည့် အလျား(၆၀)ပေ ငလှိုင်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ဝန်ထမ်းများအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။

ကျွန်မ မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ စမ့်ကြီးရွာ၊ ငလှိုင်ရွာ၊ ငါးဘတ်အိုင်ရွာများမှ ပုသိမ် - မုံရွာလမ်းမကြီးပေါ်သို့ ဆက်သွယ်သွားလာရာတွင် လိုအပ်သော ငါးဘတ်အိုင်ချောင်းကိုဖြတ်သည့် အလျား(၆၀)ပေ ငလှိုင်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ၎င်း ငလှိုင်တံတားမှာ ငလှိုင်ကျေးရွာ၊ စမ့်ကြီးကျေးရွာမှ အိမ်ခြေ(၄၂၆)အိမ်နှင့် လူဦးရေ(၁၆၆၀)ဦးတို့မှာ နွေ၊ မိုး၊ ဆောင်း ငါးဘတ်အိုင်ကျေးရွာကိုဖြတ်ပြီး ပုသိမ် - မုံရွာလမ်းမကြီးပေါ်ကို ဆက်သွယ်၍ လိုရာခရီးကို သွားလာကြရပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အဓိကထား၍ သွားလာရ၍ နွေရာသီနှင့် ဆောင်းရာသီမှာ လွယ်ကူသော်လည်း မိုးရာသီမှာ ချောင်းရေကြီးနေပါသဖြင့် ရွာသူရွာသားများမှာ သွားလာရေးခက်ခဲမှု ပြတ်တောက်မှုများ ရှိပါသဖြင့် ကျန်းမာရေး အထူးကိစ္စများဖြစ်သော အရေးပေါ်လူနာများ၊ ပိုးထိလူနာများဟာ ဆေးရုံ၊ ဆေးခန်းသို့ အချိန်မီ မရောက်နိုင်ပါသဖြင့် အသက်ဆုံးရှုံးမှုများနှင့်လည်း ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီဒေသမှာရှိသော သီးနှံရောင်းဝယ်ဖောက်ကားမှုဟာလည်းပဲ ခက်ခဲတဲ့လမ်းအတွက်ကြောင့် ဈေးကွက်ကိုမမီတော့ပါဘူး။ ဒါကြောင့်မို့လို့ ဒီဒေသမှာရှိတဲ့ ပြည်သူတွေဟာ ဖွံ့ဖြိုးမှု နောက်ကျခဲ့ပါတယ်။ သို့ပါသောကြောင့် ရွာသူ၊ ရွာသားများဟာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်သော အလျား(၆၀)ပေရှိ ငါးဘတ်အိုင်ချောင်းဖြတ်သောတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိကို အဲဒီရွာဒေသမှာရှိတဲ့ ရွာသူ၊ ရွာသားများ၊ မဲဆန္ဒရှင်ပြည်သူတို့၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ လွယ်ခေါ်ကျေးရွာ၊ ကုန်းဆုံကျေးရွာ၊ ကန်တော်ကျေးရွာ၊ အင်းကန်ပတ် ကတ္တရာလမ်းဆုံထိ ဆက်သွယ်လျက်ရှိသော မြေသားလမ်းမကြီးကို နိုင်ငံတော်မှ လာမည့်ဘဏ္ဍာရေး နှစ်တွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးရန်နှင့် တစ်ပါတည်း တည်ဆောက် ရန် လိုအပ်သည့် တံတားတစ်စင်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ က ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ လွယ်ခေါ်ကျေးရွာ၊ ကုန်းဆုံကျေးရွာ၊ ကန်တော်ကျေးရွာ၊ အင်းကန်ပတ် ကတ္တရာလမ်းဆုံထိ ဆက်သွယ်လျက်ရှိသော မြေသားလမ်းမကြီးကို နိုင်ငံတော်မှ လာမည့်ဘဏ္ဍာရေးနှစ် တွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးရန်နှင့် တစ်ပါတည်း တည်ဆောက်ရန် လိုအပ်သည့် တံတားတစ်စင်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိတဲ့ ညောင်ရွှေ မြို့နယ် အရှေ့ခြမ်းမှာရှိတဲ့ တောင်ပေါ်ဒေသနေပြည်သူများနဲ့ ညောင်ရွှေမြို့ကို ဆက်သွယ်ထားတဲ့ ဒီ ညောင်ရွှေ-လွယ်ခေါ်လမ်းဟာ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းတုန်းက ပြည်သူ့လွှတ်တော်မှာ ကျွန်တော် မေးခွန်း မေးမြန်းတင်ပြတဲ့အတွက်ကြောင့် နိုင်ငံတော်ကနေ မြေသားလမ်း ဖောက်လုပ်ထားပြီး ဖြစ်ပါတယ်။ မြေသားလမ်းသာ ဖြစ်တဲ့အတွက်ကြောင့် မိုးရာသီဆိုရင် သွားလို့မရပါဘူး။ ဒါကြောင့် ဒီတောင်ပေါ်ဒေသနေ ပြည်သူများဟာ ဒီလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးဖို့ အထူးပဲ လိုလားတောင့်တလျက်ရှိပါတယ်။

သို့ပါသောကြောင့် လာမယ့်ဘဏ္ဍာနှစ်မှာ လက်ရှိမြေသားလမ်းကို နိုင်ငံတော်ကနေ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အဲဒီလမ်းပေါ်မှာရှိတဲ့ တံတား တစ်စင်းကိုလည်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၌ ရေကျရေဆင်းများသော တာတမံများရှိ ရေထုတ်ပြွန်များ၏ အကျယ်ပမာဏနှင့် အရေအတွက်ကို တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၌ ရေကျရေဆင်းများသော တာတမံများရှိ ရေထုတ်ပြွန်များ၏ အကျယ်ပမာဏနှင့် အရေအတွက်ကို တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ အားလုံးကို လေးစားဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးရတာက ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ ရာသီဥတုအခြေအနေဟာ တခြားဒေသနဲ့မတူဘဲ တော်တော်ဆိုးဝါးလာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ တာတမံတွေ တည်ဆောက်တဲ့အခါ ဒီ မ.ဆ.လ ခေတ်နဲ့ ဒီ ဖ.ဆ.ပ.လ ခေတ်က တာတမံတွေနဲ့ဆိုရင် အခုတည်ဆောက်ပေးတဲ့ တာတမံတွေဟာ တော်တော်အရည်အသွေးတွေ မြင့်လာပါတယ်။ တာတွေထူပြီးတော့ တာတွေအကျယ်၊ အောက်ခြေ ထိပ်ဝအကျယ်တွေဟာ တော်တော်ကြီးလာပါတယ်။ အဲဒါက ဘာအတွက်လဲဆိုရင် ဒီ စက်ယန္တရားတွေကို သုံးနိုင်လို့ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တာတမံတွေ ဒီလိုခိုင်ခိုင်ခံ့ခံ့ ဖြစ်လာပေမယ့်လည်း ဒီရေထုတ်ပွင့်၊ ရေပေါက်၊ ရေတံခါးတွေရဲ့ အတိုင်းအတာနှင့် ခိုင်မာမှုက အရင်ကခေတ်တွေလောက် မကောင်းပါဘူး။ မခိုင်ပါဘူး။ ဘာလို့ဆိုရင် အခု တချို့ ကျွန်တော်တို့ဆီက တာတမံတွေ လုပ်တဲ့အခါ ဒီ ဘိလပ်မြေဖျော်စက်နဲ့ လုပ်ရမည့်အစား လက်နဲ့၊ ပေါက်တူးနဲ့ လုပ်တာတွေရှိတယ်။ ရေချိုတွေကို အသုံးပြုရမည့်အစား ဒီဆားငန်ရေတွေနဲ့ လုပ်တဲ့အတွက် ဖြစ်ပါတယ်။ ဆိုတော့ ကျွန်တော်တို့ အရင်ခေတ်ကနဲ့ မတူတာက ပင်လယ်ဒီရေကလည်း အရင်ထက် များလာပါတယ်။ ရေကြီးတာ လေပြင်းမုန်တိုင်း ကလည်း ခဏခဏတိုက်တဲ့အတွက် ဒီဒေသက တစ်ပိုင်တစ်နိုင်လုပ်တဲ့တာတွေဟာ ခဏခဏ ကျိုးပေါက်တဲ့အတွက် လယ်သမားတွေ အကျိုးစီးပွားနဲ့ ဒီနိုင်ငံတော်ရဲ့ဘဏ္ဍာဟာ ဆုံးရှုံးမှုတွေ ပိုပြီးများလာပါတယ်။

တာတမံတွေကို ဆည်ဖို့တဲ့အခါမှာ ဒေသအခြေအနေကို သိကျွမ်းတဲ့ ဒေသခံတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ဒီတာတမံဟာ ရေဆင်းရေကျများတယ် ဆိုပြီးတော့ ကျွန်တော်တို့ တင်ပြပါတယ်။ ဒါပေမဲ့ ဆည်မြောင်းအင်ဂျင်နီယာတွေက တကယ်လုပ်တဲ့အခါ လာတဲ့အခါ သူတို့ ဆောင်းတွင်းမှာ တစ်ရက်ပဲ လာပြီးတော့ကြည့်ပါတယ်။ နောက် ဒီအပေါ်ကချလာတဲ့ ဒီဇိုင်းတွေနဲ့ ဒီ ရေပွင့်ရေပေါက်တွေကို တည်ဆောက်ပါတယ်။ တည်ဆောက်တော့ တကယ်မိုးရွာတဲ့အခါမှာ အဲဒီ ရေပေါက်တွေ ဖောက်တာကျဉ်းတာနဲ့ အရေအတွက်နည်းတာနဲ့ဆိုရင် မိုးတစ်ကြိမ်နှစ်ကြိမ်ရွာတာနဲ့ ကျိုးပေါက်သွားတာ ရှိပါတယ်။

ကျွန်တော်တို့ ရသေ့တောင်မြို့နယ် မြောက်ပိုင်းမှာ ဒီ ငစံဘော်ချောင်း တာတမံဆိုတာ (၅ x ၆)ပေ ရေပေါက်တစ်ခုတည်း လုပ်ပါတယ်။ ဒါနဲ့ မနိုင်ဘူးဆိုပြီး ဒေသခံတွေက ပြောပါတယ်။ ဒါပေမဲ့ အင်ဂျင်နီယာတွေက ဒီအတိုင်းပဲ တည်ဆောက်ပါတယ်။ ဆိုတော့ မိုးသုံးရက်ရွာတာနဲ့ အဲဒီ သိန်း(၅၀၀)(၆၀၀)လောက်တန်ဖိုးရှိတဲ့ တာတမံဟာ ကျိုးပေါက်သွားတာ ဒီနေ့အထိ ဖြစ်ပါတယ်။ အခု လောလောဆယ်ဆိုရင် ကျွန်တော်တို့ ရသေ့တောင်မြို့နယ်မှာ တာနှစ်လုံးဟာ ရေမြုပ်နေပါတယ်။ အဲဒီ တာထဲမှာပါတဲ့ ကျေးရွာနှစ်ခုလည်း ရေမြုပ်နေပါတယ်။ နောက်ကျောက်ဖြူမြို့နယ်မှာ လောလောဆယ် တာတမံငါးခုလည်း ရေမြုပ်လျက်ရှိပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် အဓိက ရေပေါက်ရေပွင့်တွေ ကျဉ်းမြောင်းပြီးတော့ အရေအတွက် ငါးလုံးချရမည့်အစား နှစ်လုံးပဲ ချထားတယ်။ အဲဒီလိုဖြစ်တဲ့

အတွက်ကြောင့် ဖြစ်ပါတယ်။ ဆိုတော့ ဒီလိုမျိုးတွေကို ကျွန်တော်တို့ ဗဟိုက သိအောင်အတွက်လည်း ကျွန်တော်ဟာ ပြီးခဲ့တဲ့ တစ်လခွဲလောက်က ဒီရခိုင်ပြည်နယ်က တာတမံတွေကိုတော့ Master Plan တွေ ဆွဲပြီးတော့ သုတေသနလုပ်ဖို့ ကျွန်တော် လွှတ်တော်မှာ မေးမြန်းခဲ့တာ ရှိပါတယ်။

အဲဒါကြောင့် ဒီပင်လယ်ကမ်းခြေတစ်လျှောက်မှာရှိတဲ့ ရခိုင်ပြည်နယ်မှာ ဒီလို ရေပေါက် ရေဟောင်း ရေပွန်တွေ ပြဿနာရှိတဲ့အတွက် ရေကျရေဆင်းများတဲ့ တာတမံတွေရဲ့ ရေထုတ်ပွန်အရေ အတွက်ကို တိုးမြှင့်ဖို့နဲ့ ဒီအတိုင်းအတာကို တိုးမြှင့်ဖို့တော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဖြေကြားချက်**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ကိုယ်စား ဖြေကြားပေးမည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်မှာရှိတဲ့ စမ့်ကြီး၊ ငလှိုင်၊ ငါးဘတ်အိုင် လမ်းပေါ်မှာရှိတဲ့ ငါးဘတ်အိုင်ချောင်းဟာ အကျယ်ပေ(၆၀)ခန့်ကျယ်ပြီးတော့ မိုးရာသီမှာ ရေစီးသန်တဲ့ အတွက် နွေရာသီမှာ ရေမရှိသော ချောင်းခြောက်တစ်ခုဖြစ်ပါတယ်။ စမ့်ကြီး၊ ငလှိုင်၊ ငါးဘတ်အိုင် လမ်းဟာ အရှည်(၄)မိုင် (၂)ဖာလုံ ရှိပြီးတော့ အဆိုပါတံတားအား ဆောင်ရွက်မယ်ဆိုရင်တော့ ခန့်မှန်း ကုန်ကျငွေ ကျပ်သန်းပေါင်း(၁၂၀)ကုန်ကျမှာ ဖြစ်ပါတယ်။ ကျေးရွာ(၃)ရွာ အိမ်ထောင်စု(၄၀၀)ခန့် လူဦးရေ(၁၇၆၄)ဦးအပေါ်မှာ အကျိုးပြုမည်ဖြစ်ပါတယ်။ အဆိုပါလမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနဲ့ ဦးစားပေးလုပ်ငန်းအရ ၂၀၁၉ ဘဏ္ဍာနှစ်မှာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို လျာထား ပြီးဖြစ်ကြောင်း သိရပါတယ်။ ဖော်ပြပါ လမ်းပေါ်မှာရှိတဲ့ ငါးဘတ်အိုင်တံတားကိုလည်းပဲ အဆိုပါ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ဖို့ ထည့်သွင်းလျာထားပါကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ ရဲ့ မေးခွန်းနဲ့ စပ်လျဉ်း၍ ပြန်လည်ဖြေကြားပေးပါမယ်။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ် အတွင်းမှာရှိတဲ့ လွယ်ခေါ်-ကုန်းဆုံ-ကန်တော်ကျေးရွာတွေမှာ ကန်ပတ်ကတ္တရာလမ်းဆုံထိ ဆက်သွယ်

လျက်ရှိတဲ့ ကန်တော်-လွယ်ခေါ် ကျေးရွာချင်းဆက်လမ်း အရှည်(၇)မိုင် (၄)ဖာလုံရဲ့ လက်ရှိအခြေအနေဟာ ကျောက်ခင်းလမ်း (၁)မိုင် (၆)ဖာလုံနဲ့ မြေသားလမ်း (၅)မိုင် (၆)ဖာလုံ ရှိပါတယ်။ ကျေးရွာ(၁၁)ရွာ၊ အိမ်ခြေ(၁၀၀၀)ကျော်၊ လူဦးရေ(၅၀၀၀)ကျော်တို့ကို အကျိုးပြုပါတယ်။ အဆိုပါလမ်းကတော့ ကျောက်ခင်းလမ်း ကျောက်ချောခင်းဖို့ ကျန်ရှိတဲ့ မြေသားလမ်းအရှည် (၅)မိုင် (၆)ဖာလုံကို ကျောက်ချောလမ်း ဆောင်ရွက်မယ်ဆိုရင် ငွေကျပ် (၁၄၀၀)သန်းကျော်၊ (၁၀)ပေ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်မယ်ဆိုရင် ငွေကျပ်(၁၄)သန်းခန့် စုစုပေါင်းငွေကျပ် သန်း(၁၄၀၀)ကျော် ကုန်ကျမည်ဖြစ်ကြောင်း စိစစ်တွက်ချက် ရရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း (၃၂၀၀)ကျော်နဲ့ ကတ္တရာလမ်း(၂)မိုင်၊ ကျောက်ချောလမ်း(၉)မိုင်၊ ကွန်ကရစ်တံတား(၅)စင်းနဲ့ Box Culvert (၁၅)စင်းတို့ကို လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ညောင်ရွှေမြို့နယ်အတွင်းရှိ ကန်တော် - လွယ်ခေါ် ကျေးရွာချင်းဆက် လမ်းနှင့်တံတားတို့ ပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ လမ်းနဲ့တံတားကို ၂၀၁၇-၂၀၁၈ ယခုဘဏ္ဍာနှစ်မှာ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသော်လည်းဘဲ လာမည့် ဘဏ္ဍာနှစ် တိုင်းဒေသကြီးရဲ့ ဦးစားပေး လျာထားတင်ပြမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ရခိုင်ပြည်နယ်ဟာ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက် ထိစပ်မှုတည်ရှိပြီး ဒေသအတွင်းမှာရှိတဲ့ ချောင်းအများစုဟာလည်း ပင်လယ်ဒီရေဝင်ရောက်မှု ရှိတဲ့အတွက် ရေငန်ဝင်ရောက်မှုနဲ့ ကာကွယ်ဖို့ ရေချို သိုလှောင်ထိန်းသိမ်းနိုင်ဖို့အတွက် ရေငန်တားတာနဲ့ ရေထိန်းတံခါးတွေ ဆက်စပ်တည်ဆောက်ပေးတဲ့လုပ်ငန်းဟာ အထူးဦးစားပေး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အလျောက်လည်းပဲ ဒေသလိုအပ်ချက်ပေါ်မူတည်ပြီး ရန်ပုံငွေ ခွဲဝေရရှိမှုပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ ဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေငန်တားတာ (၃၂)ခုနဲ့ ရေငန်တားတာများနဲ့ဆက်စပ်ပြီး ထည့်သွင်းတည်ဆောက်ထားတဲ့ ရေတံခါး(၆၁)ခု တည်ဆောက်ပြုပြင်ပေးထားပြီး ဖြစ်ပါတယ်။ ဒေသခံ လယ်သမားတွေက ထိန်းသိမ်းထားတဲ့ ရေငန်တားတာ (၁၃)ခုနဲ့ လယ်သမားတာ (ကာရီတာ) (၁၀၁)ခု ရှိပါတယ်။ အဆိုပါ ရေငန်တားတာများနဲ့ (ကာရီ)တာတွေကို ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးလုပ်ငန်းများ လျာထားသတ်မှတ် တည်ဆောက်ပြုပြင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ (၅)နှစ်တာကာလအတွင်း ဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေငန်တားတာ(၃၂)ခုနဲ့ ရေတံခါးတွေကို လိုအပ်သလို ပြုပြင်

ပေးခဲ့တဲ့အပြင် ဒေသမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေငန်တားတာနဲ့ လယ်သမား (ကာရီ)တာတွေကိုလည်း ပြုပြင်ပေးနိုင်ခဲ့ပါတယ်။ ရေတံခါး(၁၉)ခုကိုလည်း လိုအပ်သလို ထည့်သွင်း တည်ဆောက်ပေးခဲ့ပါတယ်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာလည်း ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ရေငန်တားတာ(၁၅)ခုကို ပြည်နယ်အတွင်း ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်နယ်အတွင်း ရသေ့တောင်မြို့နယ်မှာ ငစံဘော်ချောင်းပိတ်တာတမံ မြေဖို့ပြုပြင်ခြင်းနှင့် (၅ x ၆)ပေ တစ်ပေါက် ရေတံခါးတစ်ခုနှင့် (၅ x ၆)ပေ နှစ်ပေါက်ရေတံခါးတစ်ခု တည်ဆောက်ခြင်းတို့ကို မူလက ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဆောင်ရွက်ရန် လျာထားခဲ့သော်လည်းပဲ ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေအရ ငစံဘော်ချောင်းပိတ်တာတမံ မြေဖို့ပြုပြင်ခြင်းနှင့် (၅ x ၆)ပေ တစ်ပေါက်ရေတံခါးတစ်ခုသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ (၅ x ၆)ပေ ရေတံခါးနှစ်ပေါက်ကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိတဲ့အခြေအနေဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မိုးရာသီမှာ ကိုမန်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ငစံဘော်ချောင်းတာတမံမှာ အလျားပေ(၆၄၀)ခန့်ကျိုးပေါက်ခဲ့ပါတယ်။ ဒါကို ယာယီ ပြန်လည်ပိတ်ဖို့ခဲ့ရပြီးတော့ အခိုင်အမာ မြေဖို့ပြုပြင်ဖို့အတွက် ရန်ပုံငွေ တင်ပြတောင်းခံခဲ့သော်လည်း ခွဲဝေရရှိမှု မရှိတဲ့အတွက် မဆောင်ရွက်နိုင်ခဲ့တဲ့အခြေအနေဖြစ်ပါတယ်။ ငစံဘော်ချောင်း တာတမံ အခိုင်အမာပြုပြင်ခြင်းနှင့် ဆောင်ရွက်ဖို့ကျန်ရှိတဲ့ (၅ x ၆)ပေ ရေတံခါးနှစ်ပေါက် တည်ဆောက်နိုင်ဖို့အတွက် တမံအူကြောင်းတစ်လျှောက် ဖို့မြေယူဖို့နေရာတွေ ရေတံခါးတည်ဆောက်ရန် နေရာတွေကနေ ဒေသခံလယ်သမားများရဲ့ သဘောတူညီမှုများ ရရှိဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ ဦးဆောင်ညှိနှိုင်းမှုနှင့် စီမံဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေကို တွက်ချက်ပြီးတော့လည်းပဲ ပြည်နယ်အစိုးရအနေနဲ့ လိုအပ်ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေအတွင်း ထည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

အလားတူပဲ ရသေ့တောင်မြို့နယ်မှာရှိတဲ့ ပန်ဇင်းမော် ရေငန်တားတမံ ပြုပြင်ရေးနှင့် (၅x၆)ပေ ရေတံခါးနှစ်ပေါက်(၅)ခု တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းပဲ မူလကဆောင်ရွက်ရန် လျာထားခဲ့ပေမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေအခြေအနေအရ ပန်ဇင်းမော် ရေငန်တား တာတမံပြုပြင်ခြင်းနှင့် (၅ x ၆)ပေ နှစ်ပေါက်ရေတံခါး(၃)ခု တည်ဆောက်ခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျန်ရှိတဲ့ (၅ x ၆)ပေ နှစ်ပေါက်ရေတံခါး(၂)ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ အဆိုပါ ဆောင်ရွက်ရန်ကျန်တဲ့ ရေတံခါး(၂)ခုအတွက် လိုအပ်ငွေကျပ်သန်း (၁၄၀)ကို ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေမှာ တည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်ရှိ တာတမံနဲ့ ရေတံခါးများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွေကို ဦးစားပေး လုပ်ငန်းများအလိုက် ခွဲဝေရရှိတဲ့ ရန်ပုံငွေအပေါ်မှာ မူတည်ပြီး စီမံဆောင်ရွက်ရခြင်းကြောင့် အချို့သောရေတံခါးတွေကို တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ တာတမံများအတွင်း ထည့်သွင်း တည်ဆောက်ထားတဲ့ ရေတံခါးတွေရဲ့ လိုအပ်တဲ့

အရေအတွက်နဲ့ အတိုင်းအတာကိုလည်း ဌာနအနေနဲ့ လိုအပ်သလို တွက်ချက်ပြီး လျာထား တည်ဆောက်ပေးလျက်ရှိပါတယ်။ လုပ်ငန်းများ အကောင်အထည်ဖော်တဲ့အခါမှာ နည်းပညာပိုင်း၊ စက်အား သုံးစွဲနိုင်တဲ့အင်အား၊ လိုအပ်သလို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာငွေကြေး သုံးစွဲနိုင်မှုအားပေါ်မှာ အခြေတည်ပြီး တည်ဆောက် အကောင်အထည်ဖော်ပေးရတာ ဖြစ်တဲ့အတွက် ကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းတဲ့ မေးခွန်းအပေါ် ပြည်နယ်အစိုးရ အဖွဲ့၏ ဖြေကြားချက်နဲ့အတူ ပြန်လည်ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၂၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၄။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီးအပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီးက အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေ ဥပဒေပုဒ်မ ၁၃ မူလဥပဒေပြဋ္ဌာန်းထားတဲ့ သဘောက တော့ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြစ်လာရင် ဦးစီးဌာနမှာ မှတ်ပုံတင်ပြီးမှသာ တရားဝင် ဖြေရှင်းနိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်။ အဲဒီလို ပြဋ္ဌာန်းချက်ကြောင့် မြေစာရင်းဦးစီးဌာနက ဝန်ထမ်း များရဲ့ လုပ်ဆောင်ချက်တွေ (၁) လယ်ယာမြေ (ပုံစံ-၇)တွေကို နှောင့်နှေးကြန့်ကြာနေတာက တစ်ကြောင်း၊ လယ်ယာမြေပြဿနာတွေဟာ ခေတ်အဆက်ဆက် လုပ်ပိုင်ခွင့်ရှိသူတွေရဲ့ လုပ်ရပ် မှန်ကန်မှုမရှိတဲ့ လူ့ ပယောဂကြောင့်တစ်ကြောင်း၊ လက်ငုတ်အစစ်အမှန်ကို မှန်ကန်စွာ မဆုံးဖြတ်နိုင်တာက တစ်ကြောင်း ကြောင့် ဒီကိစ္စတွေမှာ လယ်သမားကို (ပုံစံ-၇)အချိန်မီ ချမပေးဘူး။ အဲဒီလို ချမပေးတဲ့အတွက် လယ်သမားတွေမှာ အချင်းချင်း ကျူးကျော်ဝင်ရောက်လာသူများရဲ့ အနိုင့်အထက်ပြုမှုကြောင့် လယ်ယာ အမှုအခင်းတွေ ဖြစ်ကြရတယ်။ အဲဒါကြောင့်မို့ လယ်ယာမြေပေါ်မှာ လက်ရှိလုပ်ကိုင်သူ၊ ကျူးကျော်သူ ကြောင့် လယ်လက်မဲ့ဖြစ်သူက တရားရုံးမှာ တရားစွဲဖို့ဆိုတာ ခုနက တရားမမှုဖြစ်ဖြစ်၊ ရာဇဝတ်မှု ဖြစ်ဖြစ် အခက်အခဲတွေရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအနိုင်ကျင့်မှုကြောင့်၊ ကျူးကျော် လာသူကြောင့် မှားယွင်းပြီးတော့ လက်ငုတ်တွေဟာလည်းပဲ အပြောင်းအလဲတွေ ဖြစ်လာတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် အခုအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြလိုတာက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်ယာမြေအငြင်းပွားမှုကို ဖြေရှင်းတဲ့ အဖွဲ့တွေ အဆင့်ဆင့် ဖြေရှင်းပြီးတဲ့နောက်မှာ ဒီစာချွန်တော်နဲ့ နောက်ဆုံးတရားလွှတ်တော်ချုပ်ကို ရောက်တဲ့အခါမှာ ပုဒ်မ ၁၃ က အတားအဆီး ဖြစ်နေတယ်။ လယ်ယာမြေမှတ်ပုံတင် (ပုံစံ-၇)မရှိရင် တရားဝင်ဖြေရှင်းဆောင်ရွက်ခွင့်မရှိဘူးဆိုတဲ့ ဒါကြောင့်မို့လို့ အမှုတွေ များသောအားဖြင့် ရှုံးနိမ့်ကြတာ တွေ့ပါတယ်။ ယခုအခါမှာ ဥပဒေကြမ်းကော်မတီက ပုဒ်မ ၁၃ ကို ပြင်လိုက်တာဟာ ပထမဥပဒေ ပြဋ္ဌာန်းထားတာနဲ့ အဓိပ္ပာယ်ကို ပြောင်းပြန်လိုဖြစ်နေသော်လည်းပဲ တကယ်တော့ ပုဒ်မ ၁၃ မှာ ယခင်ပြဋ္ဌာန်းလိုက်တာကို ပယ်ဖျက်ပြီးတော့ မည်သူမဆို ဤဥပဒေအရ လယ်ယာမြေကို လုပ်ပိုင်ခွင့်မရှိဘဲ ကျူးကျော်လုပ်ပိုင်ခွင့် မပြုရလို့ ပြင်ဆင်ပြဋ္ဌာန်းခြင်းဟာ မှန်ကန်နေတာကို ကျွန်တော့်အနေနဲ့ ထောက်ခံလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နောက်ထပ် ပုဒ်မ ၄၀ ပြဋ္ဌာန်းချက်ကို ဆွေးနွေးပါမယ်။ ပုဒ်မ ၄၀ မူလပြဋ္ဌာန်းချက်မှာ ဥပဒေနှင့်အညီဖြစ်စေ နည်းဥပဒေနှင့်အညီဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် လယ်ယာမြေစီမံမှုအဖွဲ့အဆင့်ဆင့်မှာ ရုံးမှာ တရားမစွဲရလို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီပြဋ္ဌာန်းချက်ဟာ လယ်ယာမြေစီမံအဖွဲ့ရဲ့ အဆင့်ဆင့်ကို အဂတိလေးပါး လိုက်စားဖို့ အခွင့်အလမ်းပေးရာလည်း ရောက်စေပါတယ်။ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံများအရ ပြဿနာတွေလည်း မနည်းမနောတွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူ အခန်း(၂၁)(က)မှာ တန်းတူညီမျှမှုနှင့် တရားမျှတမှုရှိတယ်ဆိုတာကို ပြဋ္ဌာန်းထားတယ်။ အဲဒီတော့ တရားဥပဒေရဲ့ သဘောအရတော့ ဥပဒေရဲ့အထက်မှာ မည်သည့်ပုဂ္ဂိုလ်မှမရှိရလို့ ဒါ ပြဋ္ဌာန်းတဲ့ သဘောပါပဲ။ ဒါကြောင့်လည်းပဲ ဥပဒေကြမ်းကော်မတီက ဒီ ပုဒ်မ ၄၀ ကို သဘောကျဟန်မတူဘဲ ပြင်ဆင်လိုတဲ့သဘော အပိုဒ် (၂၃) မှာ အစားထိုးဖို့ ဘာကိုထည့်ထားလဲဆိုတော့ ခြွင်းချက်အနေနဲ့ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ဥပဒေနဲ့အညီ ဆောင်ရွက်ခွင့်ပြုသည့်ကိစ္စ၊ မသမာသော ရည်ရွယ်ချက်ဖြင့် မမှန်မကန် ဆောင်ရွက်ခြင်း ပြုသည့်ကိစ္စများနှင့် မသက်ဆိုင်စေရလို့ ပြဋ္ဌာန်းထားတာ။ ဒီပြဋ္ဌာန်းတဲ့ ရည်ရွယ်ချက်က တရားစွဲခွင့်ရှိစေရန် ရည်ရွယ်ပြီးတော့ ပြင်ဆင်တဲ့သဘောပါပဲ။ ဒါပေမဲ့ ကျွန်တော် အခု ဒီဆွေးနွေးပွဲမှာ ပြောမယ်ဆိုရင် ၁၉၄၇ ၊ ၁၉၇၄ ဖွဲ့စည်းပုံအနေနဲ့ ၁၉၅၃ လယ်ယာမြေဥပဒေ နှိုင်းယှဉ်ပြောမယ်ဆိုရင် အချိန်လည်း မရပါဘူး။

အဲဒီတော့ အမှန်အားဖြင့် ပုဒ်မ ၄၀ ပြဋ္ဌာန်းရန် မလိုအပ်တော့ပါဘူး။ ပုဒ်မ ၄၀ ကို ပယ်ဖျက်ရပါမယ်။ ဒီနေရာမှာ ယခုခေတ်အခါမှာလည်း လယ်သမားတွေဟာ ဆင်းရဲနွမ်းပါးတဲ့ အကြောင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ စစ်တမ်းအရဆိုရင် လယ်သမားတွေဟာ ကြွေး(၁၇)မျိုးရှိတယ်။ လယ်သမားတစ်ဦးကို ကြွေး(၁၄)သိန်း ရှိတယ်လို့ဆိုတဲ့အတွက် လယ်သမားတွေဟာ အာဏာပိုင်အဖွဲ့ဆီကို တရားစွဲဖို့လည်း အင်အားမရှိကြပါဘူး။ ဒါကြောင့်မို့ ပုဒ်မ ၄၀ အရ လယ်ယာစီမံအဖွဲ့ကို တရားစွဲခွင့်မရှိလို့ အခွင့်အရေးပေးလိုက်ခြင်းအားဖြင့် လုပ်ပိုင်ခွင့်ရှိသူများကို အဂတိ(၄)ပါး လိုက်စားခွင့်ပြုတာကို အားပေးအားမြှောက်ပြုရာလည်း ရောက်ပါတယ်။

ဒါကြောင့်မို့လို့ ရာဇသတ်ကြီးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၂၄၊ ပုဒ်မ ၅၁ မရိုးမဖြောင့်ခြင်း၊ မတရားရယူခြင်းဆိုတဲ့ အဓိပ္ပာယ်တွေ ဒီ အဓိပ္ပာယ်တွေကို ဘယ်ရုံးက၊ ဘယ်သူကနေတာဝန်ယူပြီး အဓိပ္ပာယ်ဖွင့်မှာလဲ။ ဘယ်သူကမှ ဖွင့်ပေးလို့မရဘူး။ တရားရုံးကို မရောက်ဘဲနဲ့ဘယ်လိုမှ အဓိပ္ပာယ်ဖွင့်လို့ မရဘူး။ ဒါကြောင့်မို့လို့ ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်ကို မသမာသောရည်ရွယ်ချက်နဲ့ မမှန်မကန်သော ဆောင်ရွက်မှုကို မည်သူက တာဝန်ယူဆုံးဖြတ်ရန်မှာ ပြဋ္ဌာန်းထားခြင်းမရှိတဲ့အတွက် ထို ပုဒ်မ ၄၀ နောက်ဆက်တွဲ ပြင်ဆင်အစားထိုးမှုဟာ မူလဥပဒေ ပြဋ္ဌာန်းချက်ကိုထိရောက်စွာ တားမြစ်မထားနိုင်ပါဘူး။ ဒါကြောင့် ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ပါရန်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ဒုတိယဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ ဆိုတာကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အဲဒီ ဥပဒေရဲ့ လေ့လာတွေ့ရှိချက် ပုဒ်မ ၂၊ အပိုဒ်(က)မှာ ဥပဒေကြမ်း အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ်(၂)တွင် ပါရှိသော ဥပဒေ ပုဒ်မ ၃၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား အဓိပ္ပာယ် ပိုမိုပြည့်စုံစေရန် ဆိုပြီးတော့ မြေနုကျွန်း ဆိုသည်မှာ Definition ဖွင့်ထားပါတယ်။ နောက်တစ်ခါ ကိုင်းကျွန်းမြေ ဆိုပြီးတော့ Definition ဖွင့်ထားပါတယ်။ ဒီနှစ်ခုကို ဖြည့်လိုက်တာ ကျွန်တော် ဒါကိုတော့ လေးလေးနက်နက် ထောက်ခံပါတယ်။ ကျွန်တော် ပြင်ချင်တဲ့၊ ဖြည့်ချင်တဲ့ ဥပဒေကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။

အဲဒီ ခုနပြောတာရဲ့ (ခ)မှာ မူလဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင် ဖော်ပြထားသော စကားရပ်အစားဆိုတာ အကြောင်းထူးမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေချနေထိုင်သူ ဖြစ်ရမည် ဒါသည် အကြောင်းမဟုတ်ပါဘူး။ ကိစ္စမရှိသေးပါဘူး။ ဒီနေရာမှာ။ ဒီနေရာမှာ ကိစ္စရှိနေတာက တည်နေရာဒေသတွင် အခြေချနေထိုင်သည့် မြေမဲ့ ယာမဲ့များကို ဦးစားပေးရမည်လို့ မူလဥပဒေက ဆိုထားတဲ့အတွက် ပြဿနာရှိနေပါတယ်။ ဒီကိုင်းကျွန်းမြေ ပြဿနာတွေမှာလည်း ဒါက ဒီနေရာမှာ လာဖြစ်နေတာပါ။ ကျွန်တော်က ဒီနားလေးကို ဖြည့်ချင်ပါတယ်။ မြေတည်နေရာဒေသ အုပ်ချုပ်ရေးနယ်နိမိတ်တွင် အခြေချနေထိုင်သည့် မြေယာမဲ့များကို ဦးစားပေး

ရမည်ဆိုတာ ပြင်ချင်ပါတယ်။ ဒါကို ဘာလို့ပြင်ချင်တာလဲဆိုတာ ပြောပါမယ်။ ကျွန်တော်တို့က နည်းဥပဒေ မြေနုကျွန်း လုပ်ပိုင်ခွင့်ချထားခြင်း ဆိုတဲ့ ပုဒ်မ ၁၀၄(က)မှာ ဆိုထားတာ ရှိပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့နှင့် ညှိနှိုင်း၍ ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် မြေနုကျွန်းနှင့် အနီးကပ်ဆုံးဖြစ်သော ကျေးရွာကို သတ်မှတ်ရမည်ဆိုတော့ အဲဒီမှာတင် ပြဿနာတွေ တက်ကုန်တော့တာပဲ။ အဲဒီနေရာမှာတင် ဥပဒေက ဒီနေရာမှာ တိလည်း မတိကျဘူး။ ဥပဒေသဘောလည်း မရဘူးဖြစ်နေတာ။ အနီးကပ်ဆုံးဆိုတာ ဘယ်လိုပြောမှာလဲ။ ဥပဒေကို အနီးကပ်ဆုံး ယေဘုယျသဘော ပြောလို့မရပါဘူး။ ယေဘုယျသဘော ပြောလို့မရဘူးဆိုတာ အုပ်ချုပ်ရေးနယ်နိမိတ်ဆိုတာ ကျွန်တော် ထည့်ရတယ်။ အဲဒီလိုဆိုထားပေမယ့် ပုဒ်မ ၁၀၄(က) မှာ အဲဒီလို ဆိုထားပေမယ့် အဲဒီဥပဒေမှာပဲ ပုဒ်မ ၁၁၀ မှာ Slide ပြောင်းပေးပါ။ မြေနုကျွန်း နယ်နိမိတ်ကို အငြင်းပွားမှု မရှိစေဘဲ မြေကိုခွဲဝေချထားနိုင်ရန် အုပ်ချုပ်ရေးနယ်နိမိတ်ကို ခေတ်မီ မြေတိုင်းကိရိယာများဖြင့် စနစ်တကျ တိုင်းတာ မှတ်တမ်းတင်ထား၍ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် သတ်မှတ်ထားသည့် အုပ်ချုပ်ရေးနယ်နိမိတ်များတွင် သတ်မှတ်တိုင်များ သတ်မှတ် စိုက်ထူရမည်။ ယင်းသို့ ဆောင်ရွက်ရန် အခက်အခဲရှိမှသာ ယခင်က သတ်မှတ်ခဲ့သော မြေပြင်ရှိ အမှာခံအမှတ်အသားများအရ တိုင်းတာရေးဆွဲ ဖော်ပြထားသည့် အညွှန်းမျဉ်းကြောင်း အတိုင်း နယ်နိမိတ်သတ်မှတ် အမှတ်အသားများဖြင့် ခွဲခြားသတ်မှတ်ရမည်လို့ (၁၀)က ဆိုထားတယ်။

အဲဒီလိုဆိုတော့ စောစောက နီးစပ်ရာ မလိုတော့ဘူး။ ဒီဥပဒေဟာ ကျွန်တော် ခုနပြင်လိုက် တာဆို ဒီဥပဒေကြီးက ယေဘုယျဆန်တဲ့ ဥပဒေ မဟုတ်ဘဲနဲ့ ဒီမှာ တစ်ခါတည်း ကျွန်းမြေ နယ်နိမိတ်ကို အငြင်းပွားမှု မရှိစေဘဲ နယ်မြေခွဲဝေချထားနိုင်ရန် အုပ်ချုပ်ရေးနယ်နိမိတ်ကို ဆိုတာ ဒါက ပြီးသွားပြီ။ ဒါကြောင့်မို့လို့ ကျွန်တော်က စောစောကဟာလေးကို ဖြည့်ချင်တာပါ။ ဒီနေရာမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရှင်းပါမယ်။ ဘာကြောင့် ဒီလိုဖြစ်ရလဲဆိုတာ ကျွန်တော်တို့ မြစ်ထဲမှာရှိတဲ့ ကိုင်းသမား၊ ကျွန်းသမားများဆိုတာက ရေအစို အချိန်အခါကို လိုက်ပြီးတော့ လုပ်ကိုင်စားရတာ အချိန်မမီရင် ကျွန်တော်တို့က ဘာမှလုပ်လို့ မရတော့ဘူး။ ပြီးခဲ့တဲ့နှစ်က ဖြစ်ပါတယ် ချောက်မှာ။ ချောက်မြို့နယ်နဲ့ စလင်းမြို့နယ် ဖြစ်တဲ့အချိန်မှာ တိုင်းဦးစီးကိုယ်တိုင်က ဒီနေရာသည် မြို့နယ်ခြားနိမိတ်ပါဆိုပြီးတော့ သစ္စာဆို စိုက်ပါတယ်။ တိုင်စိုက်ပြီးတော့ မှတ်လိုက်ပေမယ့် ကျွန်တော်တို့ လုပ်ပိုင်ခွင့်မရဘူး။ ကျွန်တော်တို့ နီးစပ်ရာ ပေးမှာပါတဲ့ ဒီ နီးစပ်ရာဆိုတဲ့ စောစောက မတိကျတဲ့ဟာကြီးကြောင့် ကျွန်တော် က အဲဒီဟာမျိုးတွေမဖြစ်အောင် တစ်ခါ ကျွန်တော်တို့က ရွာတစ်ရွာ ကမ်းပါးပြိုသွားတယ်။ ကမ်းပါး ပြိုတော့ နည်းနည်းလေးရွှေ့သွားတယ် ဒီဘက်မြို့နယ်က ရွှေ့သွားတဲ့အတွက် နဂိုရွာနေရာက ကျန်တဲ့ ရွာနဲ့ ဟိုဘက်က မြို့နယ်က ရွာနဲ့ နီးနေတယ်။ နီးနေတဲ့အချိန်ကျ ကျွန်တော်တို့က နည်းနည်းလေး ရွှေ့သွားတာနဲ့ ပြန်ပေါ်လာပြီ။ ကမ်းပါးပြိုတဲ့နေရာ ပြန်ပေါ်လာပြီဆိုတဲ့ အချိန်ကျတော့ ကျွန်တော် ရွှေ့သွားတဲ့အတွက် ဒီနေရာပြန်လုပ်အောင်ကျတော့လည်း ကျွန်တော် နဂိုနေခဲ့တဲ့နေရာ ဒါပေမယ့်လို့ ဟိုဘက်မြို့နယ်က ရွာက နီးနေတော့ ဟိုဘက်ရွာက လုပ်ပါဆိုတော့ ကျွန်တော်တို့ ပြဿနာ ဖြစ်ကြ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က နောက်ဆုံး Slide ကို တင်ပေးပါ ကျွန်တော့်ကို၊ အကြောင်းထူး မရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အခြေချနေထိုင်သူဖြစ်ရမည် ဆိုတာ

မြေတည်နေရာဒေသ အုပ်ချုပ်မှုနယ်နိမိတ်တွင် အခြေချနေထိုင်သည့် မြေယာမဲ့များကို ဦးစားပေးရမည် ဆိုတာကို ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ ကျွန်တော့်ကို ပြင်ပေးပါလို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပဏာမအနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က ဦးကျော်ဆွေ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆန်စပါးဟာ အဓိကရိက္ခာသီးနှံလို့ ဆိုနိုင်သလိုပဲ ယာထွက်သီးနှံများဖြစ်တဲ့ ပဲ၊ နှမ်း၊ ဝါ အစရှိတဲ့ သီးနှံများဟာလည်း အရေးကြီးလှပါတယ်။ ပဲမျိုးစုံ ဆိုလို့ရှိရင် နိုင်ငံခြားပို့ကုန်အဖြစ် အလားအလာကောင်းများ ရှိနေပါတယ်။ နိုင်ငံရဲ့ GDP တိုးတက်စေဖို့၊ တောင်သူများ ဖွံ့ဖြိုးလာစေဖို့၊ ပဲမျိုးစုံကဏ္ဍကိုလည်း စီမံကိန်းနဲ့ စနစ်တကျ ထောက်ပံ့ပေးရန် နိုင်ငံတော်အစိုးရက အရေးတကြီးကိစ္စအနေနဲ့ ဖြစ်လာပါတယ်။ အဲဒါကြောင့်မို့လို့ ယာမြေ ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လယ်မြေ ဖွင့်ဆိုချက်ရဲ့ အောက်မှာ ထည့်ပေးစေလိုပါတယ်။ ကျွန်တော်တို့ လယ်မြေသာ အဓိပ္ပာယ်ဖွင့်ဆိုချက် ပါ ပါတယ်။ ယာမြေကို အဓိပ္ပာယ်ဖွင့်ဆိုချက် မပါ ပါဘူး။ ဘယ်လို ကျွန်တော် ထည့်ချင်လဲဆိုရင် ယာမြေဆိုသည်မှာ တစ်နည်း ရွံ့စေးမြေမဟုတ်ဘဲ နုန်းစပ်၊ သဲစပ်၊ ကျောက်စရစ်ရောကုန်းမြေများဖြစ်၍ စပါးမစိုက်ပျိုးဘဲ အများအားဖြင့် ပဲ၊ နှမ်း၊ ပြောင်း၊ ဝါ စတဲ့ အခြောက်သီးနှံ အဓိကစိုက်ပျိုးသောမြေကို ဆိုသည် အဲဒီလို ကျွန်တော့်အနေနဲ့ ထည့်ချင်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယေဘုယျအားဖြင့် ခြုံငုံဆွေးနွေးလိုတာကတော့ ကျွန်တော်တို့ တောင်သူလယ်သမား အဓိပ္ပာယ် ဖွင့်ဆိုတဲ့အခါမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ တကယ် တစ်နိုင်တစ်ပိုင် လက်တွေ့လုပ်ကိုင်နေတဲ့ တောင်သူတွေနဲ့ စီးပွားဖြစ် ဧကရာချီပြီးတော့ လုပ်ကိုင်နေတဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်နေတဲ့လူတွေနဲ့ ရောထွေးပြီးတော့ အဓိပ္ပာယ်သတ်မှတ်ခြင်း မဟုတ်ဘဲနဲ့ ကျွန်တော်တို့ တောင်သူလယ်သမား တကယ်လုပ်တဲ့လူတွေကိုပဲ အဓိပ္ပာယ် ဖွင့်ဆိုပေးဖို့ ကျွန်တော့်အနေနဲ့ အဲဒါလေးလည်းပဲ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ကာလအပိုင်းမှာ ဆိုလို့ရှိရင် မြေယာ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ အမွေဆက်ခံခြင်းတို့ကို ဥပဒေမှာ ခွင့်ပြုထားပေမယ်လို့ အမှန်တကယ် မှတ်ပုံတင်နာမည်ပေါက်အောင် လုပ်တဲ့အခါမှာ ဆိုလို့ရှိရင် အဆင်မပြေကြပါဘူး။ ဥပဒေပါ အခွင့်အရေးကို တောင်သူတွေဟာ မခံစားကြရပါဘူး။ အခက်အခဲ တွေ့ကြရပါတယ်။

နောက်တစ်ခါ ဥပဒေကြမ်း အခန်း(၅)မှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းတဲ့အခါမှာ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု မြေယာစီမံခန့်ခွဲရေးအဖွဲ့တွေ ဖွဲ့တဲ့အခါမှာ ဆိုလို့ရှိရင် တောင်သူလယ်သမားကိုယ်စားလှယ်များနဲ့သာ ဖွဲ့စည်းပြီးတော့ ရပ်/ကျေး အုပ်ချုပ်ရေးမှူး၊ စာရေး ဝန်ထမ်းတွေက အဲဒီအဖွဲ့မှာ ပေါင်းစပ်ကူညီနိုင်ဖို့ နည်းဥပဒေမှာ ရေးဆွဲ ပြဋ္ဌာန်းပေးစေချင်ပါတယ်။ ဒါမှသာ တောင်သူလယ်သမားတွေရဲ့ ပြဿနာတွေကို တောင်သူလယ်သမားတွေက အမှန်အကန် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားသမဂ္ဂတွေ ဖွဲ့စည်းတဲ့အခါမှာ ဆိုလို့ ရှိရင်လည်း ပြီးခဲ့တဲ့ ဥပဒေမှာဆိုလို့ရှိရင်လည်းပဲ ဖွဲ့စည်းခွင့်ကိုတော့ ပေးခဲ့တယ်။ ဒါပေမဲ့လို့ လက်တွေ့ ဖွဲ့ဖို့ကျတော့ အဆင်မပြေခဲ့ပါဘူး။ သို့သော်လည်းပဲ အခု ဥပဒေကြမ်းမှာဆိုလို့ရှိရင် အဆင်ပြေနိုင်မယ့် အနေအထားတွေလည်း တွေ့ရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် ထောက်ခံကြိုဆိုပါတယ်။

သို့သော် တကယ်ဖွဲ့စည်းတဲ့ အချိန်မှာဆိုလို့ရှိရင် တောင်သူလယ်သမားတွေကို လွယ်လွယ်ကူကူ ချောချောမွေ့မွေ့လေး ဖွဲ့စည်းနိုင်ဖို့ရာအတွက် ဥပဒေမှာ စီမံပေးစေလိုပါတယ်။ ဥပဒေမှာဖြစ်စေ၊ နည်းဥပဒေမှာဖြစ်စေ ကျွန်တော် စီစဥ်ပေးစေလိုပါတယ်။ နောက်တစ်ခါ ဥပဒေကြမ်းရဲ့ အခန်း(၁၁)မှာ ဆိုလို့ရှိရင် ကျွန်တော် ထပ်ထည့်စေချင်တာက ကုန်ထုတ်လမ်းနဲ့ လယ်ကြားမြောင်း ရွာချင်းဆက်လမ်းများ ဖောက်လုပ်တဲ့ကိစ္စကို ထည့်ပေးစေချင်ပါတယ်။ ဘာကြောင့်တုန်းဆိုတော့ ကျွန်တော်တို့ ကျေးလက် တွေမှာ ဆိုလို့ရှိရင် ဒီ ကုန်ထုတ်လမ်းနဲ့ လယ်ကြားရေမြောင်းပြဿနာ ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ မေးတဲ့အခါမှာ ဆိုလို့ရှိရင် ညှိနှိုင်းဖြေရှင်းဖို့ ဆိုပြီးတော့ ဖြေကြားပါတယ်။ အဲဒီမှာ အမြဲတမ်း ညှိနှိုင်းဖြေရှင်းလို့မရတဲ့ ကိစ္စတွေလည်း ရှိပါတယ်။

ကျွန်တော်တို့ အောက်ခြေမှာလုပ်ကိုင်တဲ့အခါမှာ မြို့နယ်အုပ်ချုပ်ရေးမှူးတွေနဲ့ ပြောတဲ့ အခါမှာ ဆိုလို့ရှိရင် ကျွန်တော်တို့မှာ ဥပဒေက ပေးမထားဘူး။ ဥပဒေမရှိဘူး။ အဲဒါကြောင့် ကျွန်တော်တို့လည်းပဲ ဘယ်လိုလုပ်ရမလဲ မသိဘူးဆိုပြီး အဲဒီလို ဖြေတယ်ပေါ့နော်။ ဖြေတဲ့အခါကျတော့ ကျွန်တော်တို့ ဒီကုန်ထုတ်လမ်း လယ်ကြားရေမြောင်းနဲ့ပတ်သက်ပြီးတော့ ဥပဒေထဲမှာ ထည့်ဆွဲပေးစေ ချင်ပါတယ်။ နောက်တစ်ခါ ရွာချင်းဆက်လမ်းတွေ ဖောက်တဲ့အခါမှာ ကျွန်တော်တို့ ဖွံ့ဖြိုးရေးလုပ်ငန်း တွေလုပ်ကြပြီဆိုလို့ရှိရင် ရွာချင်းဆက်လမ်း ဖောက်ဖို့၊ လမ်းချဲ့ဖို့ ကိစ္စမှာဆိုလို့ရှိရင် အခက်အခဲ တွေ့ရပါတယ်။ ပြည်ထောင်စုလမ်းမကြီးတွေ ဖောက်တဲ့အနေအထားမှာတော့ လျော်ကြေးရှိပေမယ်လို့ ကျေးရွာဖွံ့ဖြိုးရေးလမ်းတွေ ဖောက်တဲ့အခါမှာဆိုလို့ရှိရင် အမြဲတမ်း ညှိနှိုင်းပြီးတော့ လုပ်လို့မရတဲ့ အခါမှာဆိုလို့ရှိရင် ဘယ်လိုစီမံခန့်ခွဲရေးစနစ်ကို အသုံးပြုရမယ်ဆိုတာ ဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်း ပေးစေချင်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကျွန်တော်တို့ စောစောက ဆရာ ဦးကျော်ဆွေ လည်း ဆွေးနွေးသွားပါပြီ။ အခန်း(၁) ပုဒ်မ ၃ ပါ။ ဒီပုဒ်မ ၃ မှာတော့ ပုဒ်မ ၃ (က)(ခ)(ဂ)(ဃ)ဆိုပြီး လယ်ယာမြေတွေ၊ လယ်မြေတွေ၊ မြေနုကျွန်းမြေတွေ၊ ကိုင်းကျွန်းမြေတွေ စသဖြင့် အဓိပ္ပာယ်တွေကို ဖွင့်ဆိုခဲ့တာကို တွေ့ရပေမယ့် ယာမြေကိုတော့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့တာ မတွေ့ရပါဘူး။ ယာမြေဟာ အခြားလယ်မြေတွေ၊ မြေနုကျွန်းမြေတွေ၊ ကိုင်းကျွန်းမြေတွေနဲ့ သဘောသဘာဝ မတူကြသလို နိုင်ငံတော်က ပေးအပ်တဲ့ အခွင့်အရေးတွေလည်း မတူပါဘူး။ လယ်မြေမှာ ချေးငွေတွေ များများရတယ်။ ယာမြေမှာတော့ နည်းနည်းပဲရပါတယ်။ လယ်မြေမှာ စပါးကို အဓိက စိုက်တယ်။ ယာမြေမှာ ပဲမျိုးစုံကို အဓိက စိုက်ပါတယ်။ ယာမြေကို အခြားနည်း လျှောက်ထားတဲ့အခါမှာ တိုင်းအဆင့်သာ တင်ရပေမယ့် လယ်မြေကို လျှောက်ထားတဲ့ အခါမှာတော့ ဗဟိုအဆင့်အထိ တင်ရတာကို တွေ့ရပါတယ်။ အဲဒါကြောင့် ပဲမျိုးစုံ အဓိက စိုက်ပျိုးတဲ့ ယာမြေကို အဓိပ္ပာယ်သတ်မှတ်ပေးဖို့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခု အခန်း(၃)၊ ပုဒ်မ ၁၀ ဖြစ်ပါတယ်။ ပုဒ်မ ၁၀ မှာ မြေနုကျွန်း လုပ်ပိုင်ခွင့်ဆိုတဲ့ စကားရပ်ကို တွေ့ရပါတယ်။ ဒီမြေနုကျွန်းမြေဟာ တည်နေရာ၊ အကျယ်အဝန်း ၊ မြေသားနဲ့ ပုံသဏ္ဍာန်ပြောင်းလဲတတ်တဲ့ ခိုင်မြဲမှု မရှိတဲ့မြေလို့ ဖြစ်တဲ့အတွက် ပုံစံ(၇) ထုတ်ပေးခြင်းလည်း မရှိပါဘူး။ တစ်နှစ်တစ်ခါ ခွဲဝေချထားပေးတဲ့ မြေမျိုးဖြစ်တဲ့အတွက် ဒီမြေနုကျွန်းမြေကိုတော့ လုပ်ပိုင်ခွင့်လို့ မသုံးဘဲနဲ့ လုပ်ကိုင်ခွင့်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်သင့်ပါတယ်။

နောက်တစ်ခု အခန်း(၄)၊ ပုဒ်မ ၁၂(ဇ)မှာ လယ်ယာမြေတွင် မူလစိုက်ပျိုးလျက်ရှိသော ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရလို့ ဖော်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပုဒ်မ ၂၈(က) မှာတော့ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးတဲ့သီးနှံဇုန်ဧရိယာအတွင်း ပတ်ဝန်းကျင်သီးနှံစိုက်ပျိုးမှုကို ထိခိုက်ခြင်းမရှိစေဘဲ ရာသီသီးနှံချင်းဖြစ်စေ၊ အခြားသီးနှံမှ ရာသီသီးနှံဖြစ်စေ၊ အခြားသီးနှံချင်းဖြစ်စေ သီးနှံပြောင်းလဲစိုက်ပျိုးနိုင်တယ်လို့ ပြဋ္ဌာန်းထားပြီးသားဖြစ်တဲ့အတွက် ပုဒ်မ ၁၂(ဇ)ကိုတော့ ပယ်ဖျက်ဖို့သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ နောက် အခန်း(၅)၊ ပုဒ်မ ၁၅(က)မှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေကို ဖွဲ့စည်းထားပြီးတော့ ပုဒ်မ ၁၅(ခ)မှာတော့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်တယ်လို့ ပါရှိပါတယ်။ ဒီပုဒ်မမှာလည်း လယ်စီအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းတဲ့နေရာမှာ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေနဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကို ထည့်သွင်းဖွဲ့စည်းသင့်ပါတယ်လို့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခု အခန်း(၆)၊ ပုဒ်မ ၁၇(ဈ)မှာလည်း မြေနုကျွန်းကို လုပ်ကိုင်ခွင့်လို့ ပြင်ဆင်သင့်ပါတယ်။ နောက် အခန်း(၈)၊ ပုဒ်မ ၂၃(က)၊ ၂၄(က)၊ ၂၅(က) တွေမှာ လယ်စီအဖွဲ့က ချမှတ်တဲ့အမိန့်ကို ဆုံးဖြတ်ချက်တို့ကို မကျေနပ်လျှင် ရက်ပေါင်း(၃၀)တို့၊ (၆၀)တို့အတွင်းမှာ အယူခံဝင်နိုင်တယ်လို့ ပါရှိပါတယ်။ အယူခံဝင်ရမယ့်ရက်ကို သတ်မှတ်ထားသလို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေက စစ်ဆေးရမယ့် ရက်ကိုလည်း ထည့်သွင်းသင့်ပါတယ်။ ဥပမာ ရက်ပေါင်း (၃၀) အတွင်း အယူခံဝင်နိုင်ပြီးတော့ ရက်ပေါင်း(၃၀)အတွင်း စစ်ဆေးရမယ်လို့ ပြဋ္ဌာန်းပေးသင့်ပါတယ်။ ဒါမှသာ သက်ဆိုင်ရာ အငြင်းပွားမှုတွေကို အချိန်တိုတွင်းမှာ အပြီးအပြတ် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အခန်း(၉)၊ ပုဒ်မ ၂၆ မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဆိုတဲ့ ဒီစကားရပ်ဆိုတာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဟာ ဤဥပဒေ အထက်မှာ ကျော်လွန်နေတာကို တွေ့ရပါတယ်။

ဒါကြောင့် ဒီပုဒ်မ ၂၆ မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်သင့်ပါတယ်။ နောက်တစ်ခါ ပုဒ်မ ၂၈(က)မှာ ဥပဒေကြမ်းကော်မတီက သီးနှံစိုက်ပျိုးပြောင်းလဲနိုင်တယ်လို့ ပြဋ္ဌာန်းထားပေမယ့် (ခ)မှာတော့ ရေမြေ ရာသီဥတုအခြေအနေအရ ရာသီသီးနှံစိုက်ပျိုး၍ အကျိုးမဖြစ်ထွန်းသည့်အတွက် အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားလာပါကလို့ ပါရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးရန် ဆိုတဲ့နေရာမှာ နှစ်ရှည်သီးနှံ ပြောင်းလဲစိုက်ပျိုးရန်လို့ ပြင်ဆင်သင့်ပါတယ်။ နောက်တစ်ခု ပုဒ်မ ၄၀ မှာ စောစောက ဆရာ ဦးကြည်ဝင်း လည်း ဆွေးနွေးသွားပါတယ်။ သဘောရိုး ဆိုတဲ့ စကားလုံးကို ပယ်ဖျက်သင့်ပါတယ်။ သဘောရိုးနဲ့ပဲလုပ်လုပ်၊ မရိုးမသားဘဲလုပ်လုပ် ဥပဒေနဲ့ နည်းဥပဒေနဲ့ မညီတဲ့အခါမှာ တရားရုံးမှာ တရားစွဲဆိုခွင့်ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် သဘောရိုး ဆိုတဲ့စကားလုံးကို ပယ်ဖျက်သင့်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ ကျွန်တော်တို့မြန်မာနိုင်ငံ အနှံ့အပြားမှာ မြေယာဆိုင်ရာ ပဋိပက္ခတွေ၊ ပြဿနာတွေ အမြောက်အမြား ရှိနေတဲ့အပြင် နောက်ထပ်လည်း ပြဿနာတွေ များစွာကြုံတွေ့နိုင်တဲ့ အလားအလာတွေ များစွာရှိနေပါတယ်။ ဒီခေတ်အဆက်ဆက် အစိုးရတွေရဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ ကွဲပြားတဲ့ ဒေသခံတောင်သူတွေရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးမယ့် ဥပဒေကောင်းတွေ ပေါ်ထွန်းလာဖို့ကတော့ ကျွန်တော်တို့လွှတ်တော်တွေပေါ်မှာ များစွာမူတည်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမား အကျိုးစီးပွားတွေကို အကာအကွယ်ပေးပြီးတော့ ပြည်သူ့အကျိုးစီးပွားကို မျက်နှာမူမဲ့ လယ်ယာမြေဥပဒေကောင်းတစ်ရပ် ပေါ်ထွန်းလာပါစေကြောင်း ဆုတောင်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဆန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၆။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဥပဒေတွေကိုပဲ အဓိကထားပြီးတော့ အချိန်ကို လေးစားသောအားဖြင့် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ အခန်း(၃) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများ ခေါင်းစဉ်ပါ ပုဒ်မ ၉ မှာ ပုဒ်မခွဲ(က)မှ (စ)အထိ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုလို တာကတော့ ပုဒ်မ ၉ မှာ ပုဒ်မခွဲ(ဆ)အဖြစ် တောင်သူလယ်သမားသည် မိမိလုပ်ပိုင်ခွင့်ရ လယ်ယာ မြေမှာ သီးနှံစိုက်ပျိုးထုတ်လုပ်၍ မရသော လယ်ယာမြေဖြစ်ပါက သက်ဆိုင်ရာဌာန၏ ထောက်ခံချက် ဖြင့် မွေးမြူရေး လုပ်ငန်းလုပ်ပိုင်ခွင့် ဟူ၍ ဖြည့်စွက် ပြဋ္ဌာန်းသင့်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး အကျိုးအကြောင်း ဖော်ပြရမယ်ဆိုရင် အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(င) တောင်သူလယ်သမား ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်သူကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားပါတယ်။ လယ်ယာမြေမှာ R1,R2,R3 စသဖြင့် မြေအမျိုးအစား အမျိုးမျိုး ကွဲပြားချက် ရှိပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်၍ မရတဲ့ ရေနက်ကွင်းလို လယ်ယာမြေဖြစ်ပါက အဆိုပါ တောင်သူ ဟာ လယ်ယာမြေမှာ သက်ဆိုင်ရာဌာနရဲ့ ထောက်ခံချက်နဲ့ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မယ်ဆိုရင် ပိုမိုအကျိုးဖြစ်ထွန်းမည် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အကြံပြုခဲ့တဲ့ ပုဒ်မ ၉ မှာ ပုဒ်မခွဲ(ဆ) အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းသင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)မှာ စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင် ပေါင်နှံရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်နဲ့ပတ်သက်ပြီး ကျွန်တော် ဖြည့်စွက်ဆွေးနွေး တင်ပြလိုပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးမှာ ရှိနေတဲ့ မြို့နယ်အသီးသီးတွေမှာ အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုတဲ့ တောင်သူလယ်သမားဘဏ်များ ပြည့်စုံအောင် ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါဘူး။ ကျေးလက်နေ တောင်သူလယ်သမားများဟာ စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက် နီးစပ်ရာ ငွေရှင်ကြေးရှင်များထံ လယ်ယာမြေ (ပုံစံ-၇)ကို အာမခံထား၍လည်းကောင်း၊ လယ်ပြန်ငွေပြန် အဖြစ် လည်းကောင်း အတိုးကြီးစွာဖြင့် ချေးယူပြီး စိုက်ပျိုးထုတ်လုပ်ကြရပါတယ်။ လယ်ယာမြေ အငြင်းပွားမှု ပြဿနာများလည်း များစွာ အဲဒီအကြောင်းကြောင့် ပေါ်ပေါက်လျက်ရှိပါတယ်။

ဒီအတွက် တောင်သူလယ်သမားများ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူရရှိနိုင်ရေးအတွက် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င) ကို စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို

ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ်၊ အစိုးရကအသိအမှတ်ပြုထားသော ဘဏ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတွင် မှတ်ပုံတင်ခွင့်ပြုထားသော ပုဂ္ဂလိကဘဏ်တွင် ပေါင်နှံရမည်ဟု ဖြည့်စွက်ပြဋ္ဌာန်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဇ)မှာ လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ။ ဒီလို ပြဋ္ဌာန်းထားပါတယ်။

ဒီပြဋ္ဌာန်းချက်နဲ့ ပတ်သက်ပြီးတော့လည်းပဲ လွှတ်တော်ကြီးကို လေးစားစွာ အကြံပြုလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ ဖြစ်ပါတယ်။ လူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းကျော်လောက်ဟာ တောင်သူလယ်သမားများ ဖြစ်ကြပါတယ်။ အများစု တောင်သူလယ်သမားတို့ရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံတော်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ မိမိတို့လယ်ယာမြေရဲ့ တည်နေရာ၊ အကျယ်အဝန်း၊ မြေအမျိုးအစား၊ ရာသီဥတုတို့အပေါ် အခြေပြုပြီးတော့ ကိုက်ညီမယ့်၊ အရည်အသွေး ကောင်းမွန်တဲ့ သီးနှံအမျိုးအစား တို့ကို အခက်အခဲမရှိ ပြောင်းလဲစိုက်ပျိုးနိုင်ပါမှ တိုင်းပြည်ရဲ့ ကုန်ထုတ်စွမ်းအား မြင့်မားလာမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ အခန်း(၄)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဇ) ကို လယ်ယာမြေကို မူလ ---------- (ဩဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်ဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလယ်ယာမြေ ဥပဒေသည် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တောင်သူလယ်သမားတွေအတွက် အင်မတန်အရေးကြီးသော ဥပဒေတစ်ရပ် ဖြစ်ပါတယ်ခင်ဗျား။ ဒီဥပဒေသည် ရှေ့နောက် ညီညွတ်ရပါမယ်ခင်ဗျား။ ဒီဥပဒေရဲ့ အခန်း(၆)၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များဆိုတဲ့ အခန်းရဲ့ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ည)မှာ ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်စိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုပြီးတော့ ပါ ပါတယ်ခင်ဗျား။ ဟုတ်ပါပြီ။ ရွှေ့ပြောင်းတောင်ယာကို ကြီးကြပ်ရမည် ဆိုတဲ့အခါကျတော့ ရွှေ့ပြောင်းတောင်ယာရဲ့ အဓိပ္ပာယ် Definition ကို ထည့်သွင်းသင့်ပါတယ်ခင်ဗျား။ အဲဒီဟာကြောင့် ကျွန်တော်က အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲငယ်(င)မှာ တောင်ယာမြေဆိုသည်မှာ တောင်တန်းဒေသနှင့် ကုန်းမြင့်ဒေသ

များတွင်လည်းကောင်း၊ အချို့သော သစ်တောဇရိယာများတွင်လည်းကောင်း၊ ယင်းနေရာရှိ သစ်ပင်ခြုံနွယ်များကိုရှင်းလင်း၍ အလှည့်ကျ မြေဌားစနစ်ဖြင့် စိုက်ပျိုးသောမြေကို ဆိုသည်ဟု အသစ်ထည့်ချင်ပါတယ်ခင်ဗျား။ ဗြိတိသျှကိုလိုနီခေတ် တောင်တန်းဒေသလုပ်ပိုင်ခွင့်တွေမှာလည်း အောက်ဗမာပြည်မြေအသုံးချနည်းဥပဒေ၊ အထက်ဗမာပြည် မြေအသုံးချနည်းဥပဒေတွေ ပြဋ္ဌာန်းပြီးတော့ တောင်ယာမြေကို လုပ်ပိုင်ခွင့် ပေးခဲ့ပါတယ်ခင်ဗျား။

ပြည်သူ့ကောင်စီလက်ထက်မှာလည်း သက်ဆိုင်ရာ ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဆင့်ဆင့်ရဲ့ လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၆၆(ဇ) အရ တောင်ယာမြေလုပ်ပိုင်ခွင့် ပေးခဲ့ပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ အစိုးရအသစ်လက်ထက်မှာလည်း တောင်တန်းနေ ညီအစ်ကိုတွေအတွက် တောင်ယာမြေ ဆိုတဲ့ ဖြည့်စွက်ချက်လေးကို အသစ်ထည့်ချင်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဒေါက်တာပြည့်ဖြိုး၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါ။ ၂၀၁၂ လယ်ယာမြေဥပဒေကို ပြင်ဆင်ချက်အပေါ်မှာ ကျွန်တော် အကြံပြုပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးဖို့ ဥက္ကဋ္ဌကြီးထံမှ လေးစားစွာ ခွင့်တောင်း အပ်ပါတယ်ခင်ဗျား။ Power Point တစ်ချက်ချင်း ပြပါခင်ဗျား။ အခန်း(၄) ဒီလယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူများ လိုက်နာရမယ့် စည်းကမ်းချက်များမှာ ဆိုလို့ရှိရင် ဒီအဆိုပြု ပြဋ္ဌာန်းချက်မှာ ပြင်ဆင်ထားပေမယ့်လို့ ကျွန်တော့်အနေနဲ့ အဓိပ္ပာယ် ပိုမိုရှင်းလင်းစေလိုတဲ့အတွက်ကြောင့် ပြင်ဆင်မှာဖြစ်ပါတယ်။

အဲဒီတော့ မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၃)မှာပါတဲ့ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံနှင့် နှစ်ရှည်သီးနှံ ဒီ စကားလုံးတွေ၊ အသုံးအနှုန်းတွေကိုပဲ ကျွန်တော့်အနေနဲ့ ပြန်လည်သုံးစွဲမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လယ်ယာမြေတွင် မူလစိုက်ပျိုးလျက်ရှိသော ရာသီသီးနှံအမျိုးအစားမှ ဥယျာဉ်ခြံနှင့် နှစ်ရှည်သီးနှံ အမျိုးအစားအဖြစ် ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရဆိုပြီးတော့ ဖြည့်စွက်လိုပါတယ်ခင်ဗျား။ ဒုတိယအနေနဲ့ ဒီ အခန်း(၇) စည်းကမ်းချက်များ လိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်းဆိုတဲ့ ပြင်ဆင်ချက်မှာလည်းပဲ အဓိပ္ပာယ်ပိုမိုနားလည်လွယ်အောင် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီစည်းကမ်းချက်များ လိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်းဆိုတဲ့နေရာမှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း၊ Slide(2) ဖြစ်ပါတယ်။ ယင်းအဖွဲ့ကတာ၀န်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်ကို လိုက်နာခြင်းမရှိသည့်သူကို ယင်းအမိန့်ပါ သတ်မှတ်ရက် ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည် ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုပါတယ်။

Slide(3) ဖြစ်ပါတယ်။ အခန်း(၁၀) လယ်ယာမြေကို အသုံးချခြင်းသည် ခေါင်းစဉ်အောက်မှာ ဆိုလို့ရှိရင် ပုဒ်မ ၂၈(က)နှင့် (ခ)မှာ ဒီဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်အပေါ် မူတည်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၂၈(က)က ခွင့်ပြုချက်မလိုတာ ဖြစ်ပြီးတော့၊ ဒီ(ခ)ကတော့ ခွင့်ပြုချက်လိုတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက်မှာ အဓိပ္ပာယ်ရှင်းလင်းမှု မရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၂၈(က) နေရာမှာ ၂၈ အနေနဲ့ မူလစိုက်ပျိုးလျက်ရှိသော ဒီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ မည်သည့် လယ်ယာမြေကိုမဆို ဒီ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးသည့် သီးနှံစုံဇရိယာအတွင်း ပတ်ဝန်းကျင်သီးနှံစိုက်ပျိုးမှုကို ထိခိုက်ခြင်းမရှိစေဘဲ ရာသီသီးနှံ အချင်းချင်းဖြစ်စေ၊ ဥယျာဉ်ခြံနှင့် နှစ်ရှည်သီးနှံ အချင်းချင်းဖြစ်စေ၊ ဥယျာဉ်ခြံနှင့် နှစ်ရှည်သီးနှံမှ ရာသီသီးနှံသို့ဖြစ်စေ၊ ပြောင်းလဲစိုက်ပျိုးနိုင်သည် ဆိုပြီးတော့ ပြင်ဆင် ဖြည့်စွက်လိုပါတယ်ခင်ဗျား။

ပုဒ်မ ၂၈(ခ)ကိုတော့ ကျွန်တော့်အနေနဲ့ ပယ်ဖျက်ပြီးတော့ ပုဒ်မ ၂၉ အနေနဲ့ ပြင်ဆင် ဖြည့်စွက်လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဆိုလို့ရှိရင် ဒီ တောင်သူလယ်သမားတွေက စိုက်ပျိုးရေး တစ်ခုတည်းလုပ်ရုံနဲ့ ရပ်တည်ဖို့ရာ ခက်ပါတယ်။ အဲဒီတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းဆိုတာကလည်း ဆက်စပ်နေတဲ့လုပ်ငန်းပါ။ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး ပိုမိုကောင်းမွန်လာဖို့အတွက် ဒီစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ဒီထက်ပိုပြီးတော့ တိုးမြှင့်ဆောင်ရွက်ဖို့ လိုပါတယ်။ အဲဒီတော့ မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၄)မှာ ဆိုလို့ရှိရင်လည်းပဲ မြေကိုအသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ပါဝင်ဆောင်ရွက်နေသူ ဆိုပြီးတော့ တောင်သူလယ်သမားတွေရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုထားတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ မြေယာတွေ၊ ဒီပေါ်များပေမယ့်လို့ ဈေးနှုန်းတွေ မြင့်မားနေတဲ့အတွက်ကြောင့် မွေးမြူရေးလုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်ဖို့အတွက် ဒီလယ်ယာမြေတွေကို အသုံးချရမှာပဲ ဖြစ်ပါတယ်။ နောက်တစ်ချက်က စိုက်ပျိုးလို့ မဖြစ်တဲ့နေရာတွေ ဥပမာ ရေငန်ဝင်တဲ့ဒေသတွေမှာ ဒီမွေးမြူရေးဇုန်တွေ ဖော်ဆောင်တဲ့အခါမှာ ဒီလယ်ယာမြေတွေကို အသုံးချရမှာပဲ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီစိုက်ပျိုးထုတ်လုပ်မှုတွေ အောင်မြင်ပေမယ့်လို့ ရိတ်သိမ်းချိန်မှာ ရာသီဥတုကြောင့် ပျက်စီးတဲ့၊ ဆုံးရှုံးတဲ့အနေအထားပါ။ နောက်တစ်ခုက ကျွန်တော်တို့ အဆင့်မြှင့်တင်ထုတ်လုပ်မယ့် ကျွန်တော်တို့ ဒီကောက်ပဲသီးနှံလို သီးနှံမျိုးတွေအတွက် သီးနှံသိုလှောင်ရုံတွေ ရှိဖို့လိုပါတယ်။ ဒါကြောင့် ဒီခွင့်ပြုချက်လိုတဲ့ အပိုဒ် ၂၈(ခ)အစား၊ ၂၉ အနေနဲ့ မည်သည့်လယ်ယာမြေတွင်မဆို ရာသီသီးနှံမှ ဥယျာဉ်ခြံသို့ နှစ်ရှည်သီးနှံသို့ ပြောင်းလဲစိုက်ပျိုးရန် သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် သို့မဟုတ် သီးနှံသိုလှောင်ရုံဆောက်လုပ်ရန် လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ခွင့်ပြုနိုင်သည် ဆိုပြီးတော့ ပြင်ဆင်လိုပါတယ်။ နောက်ဆက်တွဲ ပုဒ်မတွေလည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အဲဒီတော့ အခန်း(၄) လယ်ယာမြေ လုပ်ပိုင်ခွင့်ရှိသူများ လိုက်နာရမည့်စည်းကမ်းချက်ထဲမှာတော့ အဆိုပြုပြင်ဆင်ချက် ဥပဒေကြမ်းကော်မတီအနေနဲ့ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)ကို ပြင်ဆင်ထားခြင်း

မရှိပါဘူး။ ကျွန်တော့်အနေနဲ့ ဒီ စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီး ဆိုတဲ့ နေရာမှာ စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်မှု ဆိုပြီးတော့ ထပ်မံဖြည့်စွက်လိုပါတယ်။ နောက်ဆုံး Slide ဖြစ်ပါတယ်။ အဲဒီတော့ ဒီ အခန်း(၁၃) အထွေထွေခေါင်းစဉ်အောက်မှာ ဒီဥပဒေနှင့်အညီ၊ နည်းဥပဒေနှင့်အညီ သဘောရိုးနှင့် ဆောင်ရွက်သည့်ကိစ္စတွေကို တရားရုံးတွေမှာ တရားစွဲဆိုခွင့်မရှိ ဆိုပြီးတော့ မူလဥပဒေမှာ ပြဋ္ဌာန်း ထားပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း ဒီသဘောရိုးကို ထပ်မံပါဝင်ပြီးတော့ ဒါ့အပြင် နောက်တစ်ခါ ဖြေရှင်းချက်သဘောမျိုးအနေနဲ့ ပြန်လည် ပြင်ဆင်ဖြည့်စွက်ထားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော့် အနေနဲ့ ဒီဥပဒေနှင့်အညီ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မှုတော့ ကျွန်တော်တို့ မလိုပါဘူး။

နောက်တစ်ခုက ဒီ သဘောရိုး ဆိုတဲ့စကားလုံးဟာလည်းပဲ အခွင့်ထူးခံ ပေးထားသလို ဖြစ်ပါတယ်။ ဒါကြောင့် ဒီသဘောရိုး ဆိုတဲ့စကာလုံးကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်ရန် ဆွေးနွေးတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၂၀) မိနစ်ခန့် ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၇။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် ပတ်သက်ပြီးတော့ အသစ်ဖြည့်စွက်ချက်တစ်ခုနဲ့ ပြင်ဆင်ချက်နှစ်ခု စုစုပေါင်း အချက်(၃)ချက်ကို အကြံပြု ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီ (၃)ချက်စလုံးဟာလည်း ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးနှင့် ပတ်သက်တဲ့အချက်များပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာ မူလဥပဒေ ပုဒ်မ ၃ မှာ ပုဒ်မခွဲ(ဂ) အမှတ်စဉ်ပြီးတော့ ကိုင်းကျွန်းမြေ ဆိုသည်မှာ ဆိုပြီးတော့ ကိုင်းကျွန်းမြေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် အသစ်တစ်ခုမှာ ဖြည့်စွက်ထားတာ တွေ့ရပါတယ်။ အဲဒီလိုပဲ အဲဒီ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)ရဲ့နောက်မှာ ပုဒ်မ(င)ကို အမှတ်စဉ်ပြီးတော့ တောင်ယာမြေ ဆိုသည်မှာ တောင်တန်းဒေသနှင့် ကုန်းမြင့်ဒေသများတွင်လည်းကောင်း၊ တောင်ရိုး၊ တောင်စွယ်များတွင်လည်းကောင်း၊ ယင်းနေရာဒေသရှိ သစ်ပင်ခြုံနွယ်များကို ခုတ်ထွင်ရှင်းလင်း၍ အလှည့်ကျ မြေအနားပေးစနစ်ဖြင့် စိုက်ပျိုးသောမြေကိုဆိုသည် ဆိုတဲ့စကားရပ်နှင့် တောင်ယာမြေနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခု ထပ်မံဖြည့်စွက်ရပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယပြင်ဆင်လိုတဲ့အချက်ကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ အခန်း(၆) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခေါင်းစဉ်ရဲ့ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ည)မှာ ပြဋ္ဌာန်းပေးထားတဲ့ ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်စိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း ဆိုတဲ့ စကားရပ်အစား ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်စိုက်ပျိုးရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခွင့်များ ရရှိရေးအတွက် နည်းဥပဒေများ၊ တိကျစွာ ပြဋ္ဌာန်းပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ဆိုတဲ့စကားရပ်ကို အစားထိုး ပြင်ဆင်လိုပါကြောင်းနှင့် တတိယပြင်ဆင်လိုတဲ့ အချက်ကတော့ လယ်ယာမြေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ကန့်လန့်ဖြတ်ဇယားနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာပါ လုံးဝဖော်ပြထားခြင်းမရှိတဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ လယ်ယာမြေနည်းဥပဒေ အခန်း(၁၃)၊ အထွေထွေကဏ္ဍရဲ့ ပုဒ်မ ၁၁၆ မှာသာ ပြဋ္ဌာန်းပါရှိထားတဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေဝေရေလဲဧရိယာနှင့် သစ်တောသစ်ပင် မပြုန်းတီးရေး၊ မြေဆီလွှာ မပျက်စီးရေး၊ ရာသီဥတု ထိန်းသိမ်းရေးတို့အတွက် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်စေရေးနှင့် ကုန်းမြေလှေခါးထစ် စိုက်ပျိုးရေးစနစ်များ၊ တိုးတက်ဖြစ်ထွန်းလာစေရေး ထိရောက်စွာ အားပေးဆောင်ရွက်မည် ဆိုတဲ့စကားရပ်အစား ဒီနေရာမှာ ကျွန်တော် ဒီမိုကရေစီရဲ့ စံနှုန်းဖြစ်တဲ့ ကျွန်တော် ဗဟိုချုပ်ကိုင်မှု လျှော့ချတဲ့အနေနဲ့ ဗဟိုလယ်ယာမြေ ဆိုတဲ့နေရာမှာ ကျွန်တော် ပြည်နယ်လို့ ပြင်ချင်ပါတယ်။

နောက်ပြီးတော့ ဒီတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့၊ ထုံးတမ်းအစဉ်အလာ လုပ်ပိုင်ခွင့်တွေဟာ တစ်နေရာနှင့် တစ်နေရာ မတူတဲ့အတွက်ကြောင့် ကျွန်တော် ပြည်နယ်တွေကို လုပ်ပိုင်ခွင့်ကိုပေးလိုတဲ့ အနေနဲ့ ပြင်ရခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်စေရေး ဆိုတဲ့ နေရာမှာ ရွှေ့ပြောင်းတောင်ယာစနစ်မှလို့ ကျွန်တော်တို့ အစားထိုး ပြင်ဆင်ပြီးတော့ ကျွန်တော့် ပြင်ဆင်ချက်ကို ဖတ်ပြရလို့ရှိရင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေဝေရေလဲဧရိယာနှင့် သစ်တောသစ်ပင်များ မပြုန်းတီးရေး၊ မြေဆီလွှာ မပျက်စီးရေး၊ ရာသီဥတု ထိန်းသိမ်းရေးတို့အတွက် ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြေလှေခါးထစ် လယ်ယာ စိုက်ပျိုးရေးစနစ်များ တိုးတက်ပေါ်ထွန်းလာစေရေး ထိရောက်စွာ အားပေးဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုးကြောင်းပြဆိုချက်များကို အကျဉ်းမျှပြောရရင် ကျွန်တော် ပထမအချက်အနေနဲ့ ပုဒ်မ ၃၊ အပိုဒ်ခွဲ(င) အမှတ်စဉ်ပြီး တောင်ယာမြေ ဆိုသည်မှာ ဆိုပြီးတော့ ကျွန်တော် တောင်ယာမြေရဲ့ အဓိပ္ပာယ်ကို အဓိပ္ပာယ်ဖွင့်ဆိုပေးခဲ့တာ ရှိပါတယ်။ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ အကြောင်းပြလိုတာကတော့ ကျွန်တော်တို့ လယ်ယာမြေ လုပ်ပိုင်ခွင့် ချထားတဲ့အခါမှာ ပင်မလယ်ယာမြေလုပ်ပိုင်ခွင့် ချထားမှုများနှင့် သဘောသဘာဝချင်း မတူဘဲ သီးခြား လုပ်ထုံးလုပ်နည်းများ ချမှတ်ပြီး ဆောင်ရွက်ရတဲ့ မြေအမျိုးအစား (၃)မျိုးရှိပါတယ်။ အဲဒီဟာတွေကတော့ (၁) မြေလွတ်၊ မြေရိုင်း၊ (၂) မြေနုကျွန်းနှင့် (၃) တောင်ယာလုပ်ပိုင်ခွင့်များပဲ ဖြစ်ပါတယ်။ အဆိုပါ မြေ(၃)မျိုးအနက်မှ မြေလွတ်၊ မြေရိုင်းနှင့် ပတ်သက်ပြီးတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေဆိုတဲ့ စာအုပ်တစ်အုပ်က သီးခြားထွက်ရှိထားပြီးတော့ မြေနုကျွန်း လုပ်ပိုင်ခွင့်နဲ့ ပတ်သက်လို့လည်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာ အတိအကျ ဖော်ပြထားပြီးတော့ တောင်ယာ လုပ်ပိုင်ခွင့် တစ်ခုတည်းမျှသာ ကျန်ရှိနေတဲ့အတွက်ကြောင့် တောင်ယာမြေဆိုတာနှင့် ပတ်သက်ပြီးတော့ ကျွန်တော် အဓိပ္ပာယ်ဖွင့်ဆိုပေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနှင့် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ မူကြမ်း ကန့်လန့်ဖြတ်ဇယားရဲ့ အခန်း(၆)၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များ ခေါင်းစဉ်ရဲ့ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ည)ကို ပြင်ဆင်ရတဲ့အကြောင်းကတော့ ၂၀၁၇ ခုနှစ်၊ လယ်ယာမြေ ဥပဒေဟာ အခန်း(၁၃)ခန်းနဲ့ ပုဒ်မ(၄၃)ခု ရှိသော်လည်းပဲ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ တိကျတဲ့ ဥပဒေ၊ နည်းဥပဒေများ လုံးဝမပါရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခွင့်များ ရရှိရန်အတွက် ကျွန်တော် ဒီနေရာမှာ အပိုဒ်(ည)ကို ၁၇ ပုဒ်မခွဲ(ည)ကို ပြင်ဆင်လိုတာကတော့ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခွင့်များ ရရှိရေးအတွက် နည်းဥပဒေများ တိကျစွာ ပြဋ္ဌာန်းပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ဆိုတဲ့ စကားရပ်ကို အစားထိုး ပြင်ဆင်ပေးရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနှင့် ပြင်ဆင်ရခြင်းအကြောင်းကတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ နည်းဥပဒေအခန်း (၁၃)၊ အထွေထွေ

ကဏ္ဍရဲ့ ပုဒ်မ ၁၁၆ မှာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေဝေ --------------- (ကြဘာသံများ)

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၃။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာကတော့ လယ်ယာမြေ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အခန်း(၄)၊ ပုဒ်မ ၁၃ နှင့် အခန်း(၅)၊ ပုဒ်မ ၁၆ ကို ပြင်ဆင်ဖြည့်စွက်ချက်(၂)ခုနှင့် ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေကြမ်း အခန်း(၄)၊ ပုဒ်မ ၁၃ ကို ဥပဒေကြမ်းမှာ ပယ်ဖျက်ထားတာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပယ်ဖျက်ခြင်းမပြုဘဲနဲ့ ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ ပြင်ဆင်ဖြည့်စွက်လိုတဲ့ စာသားကတော့ ဤဥပဒေ အာဏာတည်ပြီးသည့်နောက် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့နှင့်အညီသာ တရားဝင် ဖြေရှင်းဆောင်ရွက်ရမည်လို့ ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။

အကြောင်းကတော့ မြေယာပိုင်ဆိုင်မှု အရှုပ်အရှင်းတွေကို မြေယာဥပဒေအရသာ ဖြေရှင်းဆောင်ရွက်သင့်ပြီးတော့ အခြားမည်သည့်ဥပဒေနှင့်မှ မဖြေရှင်းစေလိုတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ နောက်တစ်ခါ မြေယာမှုခင်းများ ဖြေရှင်းတဲ့နေရာမှာ ရုံးတစ်ရုံးမှာ အပြိုင်ဖြေရှင်းနေရတာမျိုး ရှိတဲ့အတွက်လည်း ဖြစ်ပါတယ်။ နောက်ပြီးတော့ (ပုံစံ-၇) ရရှိရေး လုပ်ငန်းစဉ်များကလည်း နှောင့်နှေးကြန့်ကြာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အခန်း(၅)၊ ပုဒ်မ ၁၆ မှာ ပုဒ်မခွဲ(က) (ခ)ဆိုပြီးတော့ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့် ဖွဲ့စည်းထားတာ တွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ ပုဒ်မခွဲ(ဂ)အဖြစ် အသစ်ထပ်မံ ဖြည့်စွက်ချင်ပါတယ်။ ပုဒ်မခွဲ(ဂ)၊ အပိုဒ်ခွဲ(၁)၊ (၂)၊ (၃)၊ (၄)ပါ အဖွဲ့အစည်းအဆင့်ဆင့်တွင် တောင်သူလယ်သမားကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ဒေသခံများအား ပွင့်လင်းမြင်သာစွာ ရွေးချယ်၍ ပါဝင်ဖွဲ့စည်းရမည်လို့ ကျွန်တော် ပြင်ဆင် ဖြည့်စွက်ချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မူလဖွဲ့စည်းထားတဲ့ အဖွဲ့အဆင့်ဆင့်မှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြတဲ့ နိုင်ငံ့ဝန်ထမ်းများဖြင့်သာ ဖွဲ့စည်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းများ ဖြစ်တဲ့အလျောက် မိမိဌာနရဲ့ တာဝန်များကိုလည်း ဆောင်ရွက်နေရတဲ့အတွက် လယ်ယာမြေအမှုအခင်းများနှင့် ပတ်သက်လို့ လယ်ယာမြေလုပ်ငန်းစဉ်တွေ ဆောင်ရွက်တဲ့နေရာမှာ အမှုအခင်းတွေဟာ ကြန့်ကြာနှောင့်နှေးပါတယ်။ ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာလည်း အားနည်းမှုတွေ အများကြီးရှိပါတယ်။ ရပ်/ကျေးအဆင့်မှာ အမှန်တကယ်

လယ်ယာမြေ အမှုအခင်းများနှင့် ပတ်သက်လို့ အမှန်တကယ်သိကြတဲ့ ရပ်/ကျေးအဆင့်ရဲ့ ဆုံးဖြတ်ချက်တွေနဲ့ အထက်အဆင့်ဆင့်မှာ ကွဲလွဲသွားတာတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မခွဲ(ဂ)ကို ဖြည့်စွက် တင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာကတော့ အခန်း(၅)၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းရဲ့ ပုဒ်မ ၁၆ ပါ။ ရှေ့က ဆရာဦးဝင်းအောင် ဆွေးနွေး သွားတာကိုလည်း အထူးအလေးအနက် ထောက်ခံပါတယ်။

ပုဒ်မ ၁၆ မှာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် (က) အောက်ပါလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းပေးရမည်။ အပိုဒ်ခွဲ(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ ရပ်/ကျေး သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဆိုပြီးတော့မှ ပြင်ဆင်ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မခွဲ(ခ)အနေနဲ့ ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည် ဆိုပြီးတော့မှ ပြင်ဆင်ထားပါတယ်။ အဲဒီမှာ ကျွန်တော်က ပုဒ်မ ၁၆ မှာ (က)၊ (ခ) နောက်ထပ် (ဂ)ဆိုပြီးတော့မှ အမှတ်စဉ်ရေးထိုးပြီးတော့မှ ပုဒ်မခွဲငယ်တစ်ခု ထပ်ပြီးတော့မှ ဖြည့်စွက်လိုပါတယ်။ ဒီမှာ ဖြည့်စွက်လိုတဲ့ စာပိုဒ်ကတော့ ပုဒ်မခွဲ (က)(၁)၊ (၂)၊ (၃)၊ (၄)ပါ အဖွဲ့အဆင့်ဆင့်တွင် ဒေသခံတောင်သူများမှ ရွေးချယ်ပေးသော (၃)ဦးထက် မနည်းသည့် တောင်သူလယ်သမားကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရမည်လို့ ဖြည့်စွက်ချင်ပါတယ်။

ကျွန်တော်တို့ အခုလက်ရှိ အဆင့်ဆင့်သော မြေယာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ ဖွဲ့စည်းတဲ့အခါမှာ မြို့နယ်အဆင့်မှာဆိုရင် စောစောကဆွေးနွေးသွားသလိုပဲ နိုင်ငံ့ဝန်ထမ်းများနဲ့ ဖွဲ့စည်းထားတာတွေ့ရပါတယ်။ အထွေထွေအုပ်ချုပ်ရေး၊ မြေစာရင်း၊ စိုက်ပျိုး၊ တိ/မွေးကု၊ စီမံကိန်း ဆိုပြီးတော့မှ ဖွဲ့စည်းထားတာ တွေ့ရပါတယ်။ ဒီ နိုင်ငံ့ဝန်ထမ်းတွေဟာ တစ်နေရာနှင့် တစ်နေရာကို အနည်းဆုံး (၃) နှစ်၊ (၄)နှစ်အတွင်း ပြောင်းရွှေ့ရပါတယ်။ ပြောင်းရွှေ့တော့ ဒေသရဲ့ မြေယာသမိုင်း၊ ဒေသရဲ့ မြေယာတွေနဲ့ပတ်သက်တဲ့ အရှုပ်အရှင်းတွေကို အကြိမ်ကြိမ် ပြန်ပြီးတော့လေ့လာနေရတဲ့အခါမှာ သူတို့ကို အကြံပေးမယ့်ပုဂ္ဂိုလ်တွေလည်း ဒီမှာ အားနည်းနေတာ တွေ့ရပါတယ်။ ဒါကြောင့် ဒေသခံက ရွေးချယ်ပေးတဲ့၊ ဒေသရဲ့ မြေယာသမိုင်းကိုလည်းသိတဲ့ တောင်သူလယ်သမားကိုယ်စားလှယ်တွေက ဒီ ကော်မတီကို အကြံဉာဏ်ပေးခြင်းအားဖြင့် ကျွန်တော်တို့ မြေယာပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာ

အမြန်ဆုံး ဖြေရှင်းဆောင်ရွက်နိုင်သလို ကျွန်တော်တို့ အမှားနည်းသထက်နည်းအောင်လည်း ဖြေရှင်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ၅၃ မြေယာကော်မတီဖွဲ့စည်းခြင်း၊ နောက် ၇၄ မြေယာကော်မတီ ဖွဲ့စည်းခြင်း၊ ဒီ ဥပဒေတွေမှာလည်းပဲ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် ဒီ ဥပဒေပြင်ဆင်ချက်မှာ တောင်သူ လယ်သမားတွေရဲ့ အခန်းကဏ္ဍ ပိုပြီးတော့ရရှိလာဖို့အတွက် ကျွန်တော်တို့ ဒီ ပုဒ်မခွဲ(ဂ)ကို အသစ် ဖြည့်စွက်ချက်အနေနဲ့ ဖြည့်သွင်းလိုပါတယ်။

နောက် ကျွန်တော်ဆွေးနွေးလိုတဲ့ ပုဒ်မတစ်ခုကတော့ အခန်း(၉)၊ နစ်နာကြေးနှင့် လျော်ကြေး များဆိုတဲ့ ပုဒ်မ ၂၆ ဖြစ်ပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော် အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူသည့် လယ်ယာမြေနှင့် ယင်းလယ်ယာမြေ ပေါ်၌ အဆောက်အအုံနှင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်း အပါအဝင် မူလလယ်ယာမြေလုပ် ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက်ထားသည့် ကိစ္စရပ်များအတွက် နစ်နာမှု မရှိစေရန် လျော်ကြေးပေးခြင်း နှင့် အခြားနည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်ရေးနဲ့ စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်လို့ ပါ ပါတယ်။ ဒီနေရာ မှာ ကျွန်တော်တို့ မူလဥပဒေအတိုင်း ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာကို ပြင်ချင်တဲ့တစ်ချက်ကတော့ ဗဟိုလယ်ယာမြေကနေပြီးတော့ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည် ဆိုတာကိုလည်း ကျွန်တော်တို့ အထူးအလေးအနက် ထောက်ခံပါတယ်။ ဒီနေရာလေးမှာ ဖြည့်သွင်းလိုတဲ့တစ်ချက်က တည်ဆဲ မြေသိမ်းဥပဒေနှင့်အညီ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည် ဆိုတဲ့ တည်ဆဲဥပဒေနှင့်အညီဆိုတဲ့ စကားရပ်ကို ဖြည့်သွင်းလိုပါတယ်။

ကျွန်တော်တို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးအဖွဲ့ဝင် အနေနဲ့ လိုက်ပါဆောင်ရွက်တဲ့အခါမှာ အဓိကတွေ့ရတဲ့အချက်ကတော့ ကျွန်တော်တို့ တောင်သူတွေရဲ့ အမှုတွဲတွေရဲ့ ဖြေရှင်းချက်ကို ကြည့်တဲ့အခါမှာ ဘယ်နေ့၊ ဘယ်ရက်ကို ဖယ်ပါ။ အလံ လာစိုက်သွား တယ်။ ပြီးတော့မှ လျော်ကြေးကို ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ယူခဲ့ရတာတွေရှိတယ်။ နောက် ကျွန်တော်တို့ ဒီမြေကို ရောင်းရင် ရောင်း၊ မရောင်းရင် သိမ်းမယ် စသည်ဖြင့်ပေါ့၊ ဒီလျော်ကြေး ကို မယူရင်လည်း ခင်ဗျားတို့ သိမ်းမှာပဲဆိုတဲ့ ဥပဒေနှင့်မညီတဲ့ တချို့သောဖြေရှင်းမှုလေးတွေ တွေ့ခဲ့ ရပါတယ်။ တစ်နေရာတည်းမှာ ဝယ်တယ် ဆိုပေမယ့် ဧက(၅၀၀)တောင်မှ ဝယ်ထားတဲ့ အမှုတွဲမျိုးတွေ လည်း ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ အဲဒီကျတော့ တည်ဆဲ မြေသိမ်းဥပဒေနှင့်အညီ မလုပ်ခဲ့လို့ရှိရင် ကျွန်တော်တို့ တောင်သူတွေအတွက်လည်း အင်မတန်မှ ထိခိုက်နစ်နာမှုရှိခဲ့သလို ဖော်ဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေအတွက် ဂုဏ်သိက္ခာလည်း ထိခိုက်ပါတယ်။ နောက် ဒီဟာကို နောက်ကလိုက်ပြီးဖြေရှင်း ရတဲ့ ကျွန်တော်တို့ပုဂ္ဂိုလ်တွေမှာလည်းပဲ ဖြေရှင်းရတဲ့အခါမှာ အရှုပ်အထွေးတွေနှင့် အခက်အခဲတွေ အများကြီး ရင်ဆိုင်ရပါတယ်။

ဒါကြောင့် တိုင်းပြည်အတွက် အကျိုးရှိတဲ့၊ လူထုအတွက် အကျိုးရှိတဲ့ မြေသိမ်း၊ ယာသိမ်း မဖြစ်မနေ သိမ်းရတော့မယ့်လုပ်ငန်းတွေလုပ်တဲ့အခါမှာ တောင်သူအတွက် ထိခိုက်နစ်နာမှု အနည်းဆုံး၊ နောက်တစ်ခါ ဖော်ဆောင်ခဲ့တဲ့ပုဂ္ဂိုလ်အတွက် ပုံရိပ် ထိခိုက်မှုအနည်းဆုံး၊ ဖော်ဆောင်မယ့်စီမံကိန်း

အတွက် အောင်မြင်မှု အများဆုံးဖြစ်အောင် ရှေးရှုပြီးတော့ တည်ဆဲမြေသိမ်းဥပဒေနှင့်အညီ ဆိုတဲ့ အပိုဒ်ကို ဖြည့်သွင်းစေလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၂။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ လယ်ယာမြေဥပဒေ ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း ပြီးတော့ ပုဒ်မ ၆၊ ခြေဆင်း၊ ပုဒ်မ ၂၈၊ ပုဒ်မ ၃၁ တို့နဲ့ ပတ်သက်ပြီး ပြင်ဆင်ဖြည့်စွက်ပြီး ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ပုဒ်မ ၆ ရဲ့ ခြေဆင်းမှာ ဆိုလို့ရှိရင် မူလဥပဒေ ပြဋ္ဌာန်းချက်မှာဆိုရင် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေ အာဏာတည်သည့်နေ့ရက်တွင် တည်ရှိနေသော လယ်ယာမြေများနှင့် စပ်လျဉ်း၍ အောက်ပါ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင် ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပါရှိရမည်လို့ ပါရှိပါတယ်။ အဲဒါကို ကျွန်တော့်အနေနဲ့ကတော့ ဘယ်လိုပြင်ဆင်ချင်သလဲဆိုတော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် ဤ ဥပဒေအာဏာတည်သည့်နေ့ရက်တွင် တည်ရှိနေသောလယ်ယာမြေများနှင့် စပ်လျဉ်း၍ အောက်ပါ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ မြို့နယ်ဦးစီး ဌာနရုံးတွင် မှတ်ပုံတင်ကြေး ပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ ယင်းသို့ ဆောင်ရွက်ပြီးစီးကြောင်းကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြ ရမည်ဟု ပြင်ဆင်ချင်ပါတယ်။

အဲဒါက ဘာကြောင့်ပြင်ရသလဲဆိုရင် ကျွန်တော်တို့ လယ်ယာမြေ ခွင့်ပြုလက်မှတ် (ပုံစံ-၇) တွေက ကျွန်တော်တို့နိုင်ငံထဲမှာ ချပေးတဲ့အခါမှာ ကြာတဲ့ပြဿနာတွေရှိတယ်။ ရှိတဲ့အတွက်ကြောင့် မလိုလားအပ်တဲ့ ပြဿနာတွေတက်နေတာလည်းရှိတယ်။ နောက်တစ်ခုက တောင်သူလယ်သမားတွေ အနေနဲ့လည်း စုံစမ်းရတဲ့အခါမှာ မြို့နယ်အဆင့်မှာ မပြောနဲ့ ရပ်/ကျေးမှုမှာ စုံစမ်းရတယ်ဆိုတာနဲ့တင် သူတို့မှာ အခက်အခဲရှိတယ်။ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ခရိုင်အဆင့်ဆိုတာကို အသိပေးပြီး တော့ မြို့နယ်အဆင့်မှာပဲ ဒီလုပ်ပိုင်ခွင့်ကို ပေးလိုက်ရင် လယ်သမားတွေအနေနဲ့ ပိုမိုပြီးတော့ အဆင် ပြေသွားမယ်လို့ ယူဆပါတယ်။

နောက်တစ်ခုက ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အနေနဲ့ လုပ်ဆောင်ချက်တွေဟာ ထွေထွေထူးထူး မရှိပါဘူး။ ဒီ နည်းဥပဒေထဲမှာ ထပ်မံစိစစ်ပြီးတော့ ခွင့်ပြုချက်ပေးတာတို့၊ ပယ်ဖျက်တာတို့ပဲ မပေးတာတို့ဘဲ ရှိပါတယ်။ အဲဒီအတွက်ကြောင့် မြို့နယ်ကပဲ သေသေချာချာ စိစစ်ပြီးတော့ တစ်ခါတည်း ဆောင်ရွက်ပေးလိုက်ရင်တော့ ပိုပြီးတော့၊ လွယ်ကူပြီးတော့ လျင်မြန်သွားမယ်လို့ ယူဆပါတယ်။ နောက်တစ်ခု ပုဒ်မ ၂၈ မှာ ဆိုလို့ရှိရင် မူလဥပဒေပြဋ္ဌာန်းချက်က ဟာတွေကိုတော့ ပယ်ဖျက်ပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းအစီရင်ခံစာမှာပါတဲ့ ၂၈ ခြေဆင်း(က)မှာ ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ပထမကိုယ်စားလှယ်တွေ ပြောသွားတဲ့ ၁၂(ဇ)နဲ့ နည်းနည်းလည်း Contra ဖြစ်တဲ့ သဘောမျိုးရှိပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့ကလည်း ဒီ သီးနှံကိုလည်း လွယ်လွယ်ကူကူ ပြောင်းခွင့်ပေးဖို့ လိုအပ်ပါတယ်။ လွယ်လွယ်ကူကူ ပြောင်းမှသာလျှင် ကျွန်တော်တို့ တောင်သူလယ်သမားတွေ ကျွန်တော်တို့အားလုံး ပြောပြောနေပါတယ်။ နိုင်ငံရဲ့ အဓိက(၇၀)ရာခိုင်နှုန်းက တောင်သူလယ်သမား၊ နိုင်ငံရဲ့ အဓိကစီးပွားရေးကလည်း စိုက်ပျိုးရေး၊ သို့သော် ကျွန်တော်တို့က စာရင်းဇယားမရှိဘဲနဲ့တော့ ဒီလိုမျိုး အလွတ်မဲ့ပြောင်းတာမျိုး မဖြစ်စေဘဲနဲ့ စာရင်းဇယားနှင့် ဖြေလျှော့မှုနဲ့ ပေးချင်ပါတယ်။

အဲဒီအတွက်ကြောင့် ကျွန်တော်က ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ထားတဲ့ ပုဒ်မ ၂၈(ခ)မှာ ကျွန်တော်က ဖြည့်စွက်ချင်ပါတယ်။ အဲဒီမှာ ဘယ်လိုဖြည့်စွက်ချင်သလဲဆိုတော့ ရေ၊ မြေ၊ ရာသီဥတု အခြေအနေအရလည်းကောင်း၊ ဒေသဆိုင်ရာ စီးပွားရေးဈေးကွက် အခြေအနေအရလည်းကောင်း၊ ရာသီသီးနှံစိုက်ပျိုးရေး အကျိုးမဖြစ်ထွန်းသည့်အတွက် အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့က (၅)ဧကအထိလည်းကောင်း၊ သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့က (၁၀)ဧကအထိလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့က (၁၀)ဧကအထက်လည်းကောင်း၊ သီးနှံပြောင်းလဲစိုက်ပျိုးခွင့်ပြုရမည်ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်ပါတယ်။ ဒီလိုမျိုး ပြင်ဆင်ရတာကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ မှာ ဆိုလို့ရှိရင် နိုင်ငံတော်ရဲ့ စီးပွားရေးက ဈေးကွက်စီးပွားရေးစနစ် ဖြစ်တယ်ဆိုတဲ့ဟာကို ပြထားပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လယ်သမားတွေ စိုက်မယ်။ စိုက်ပေမယ့် သူ့ရဲ့ ရေ၊ မြေ၊ ရာသီဥတုအရ မစိုက်နိုင်ဘူး။ တခြားသီးနှံ စိုက်မယ်။ ဒါကတစ်မျိုး၊ ဈေးကွက်အရဆိုရင် ကျွန်တော်တို့ မြို့နယ်တွေမှာလည်း ရှိပါတယ်။ စိုက်ပျိုးသီးနှံတွေမှာ လယ်ယာမြေတွေမှာ လယ်မစိုက်တော့ဘဲနဲ့ အခြားသီးနှံ ဥပမာ သင်္ဘောသီးတို့၊ ဘာတို့ စသည်ဖြင့်ပေါ့နော်။ ခြံသီးနှံတွေ စိုက်တယ်။ စိုက်တဲ့ဟာမှာလည်း စာရင်းပေါက်နေတာတော့ လယ်မြေပေါက်တဲ့အတွက်ကြောင့် နိုင်ငံတော်ကလည်း ဘာတွေပေးရသလဲဆိုတော့ ကျွန်တော်တို့ စပါးအတွက် ထောက်ပံ့ကြေးပေါ့နော် တစ်သိန်းခွဲလိုဟာမျိုး ပေးရတယ်။ စာရင်းဇယားအရလည်း စပါးလို့ ပေါက်နေပေမယ့် လက်တွေ့မှာက ကျွန်တော်တို့ တခြားသီးနှံ စိုက်နေတာပါ။ အဲဒီတော့ ကျွန်တော်တို့က လယ်သမားတွေ လွယ်လွယ်ကူကူ ပြောင်းနိုင်ရင်၊ ပြင်နိုင်ရင်၊ လုပ်ပိုင်ခွင့်ပေးနိုင်ရင် ဥပဒေကိုလည်း လိုက်နာရာ ရောက်တယ်။ ဘာဖြစ်လို့လဲဆိုရင်

ဥပဒေက ပြဋ္ဌာန်းပြီးတော့ မလိုက်နာရင် ဘာလုပ်မှာလဲ၊ ပြဋ္ဌာန်းပြီးတော့ လိုက်နာနိုင်တဲ့ ဥပဒေမျိုးကို ကျွန်တော်တို့ ပြဋ္ဌာန်းပေးဖို့ လိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ စာရင်းဇယားအရ သိသွားပြီ။ ဒီလယ်က လယ်မစိုက်တော့ဘူး။ တခြားသီးနှံ စိုက်တယ်ဆိုရင် ကျွန်တော်တို့ မူလနိုင်ငံရဲ့ စီးပွားရေး မူဝါဒတွေ ချမှတ်တဲ့အခါမှာလည်း နိုင်ငံတော်အနေနဲ့ တိတိကျကျ ချမှတ်နိုင်ပါမယ်။ အဲဒါအတွက် ကြောင့် ကျွန်တော်တို့ ပြင်ဆင်ချင်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ပုဒ်မ ၃၁ ပါ။ ပုဒ်မ ၃၁ မှာ ဆိုလို့ရှိရင်တော့ မူလ ပြဋ္ဌာန်းထားတာက ပုဒ်မ ၃၀ အရ အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့် နေ့ရက်မှ (၆)လအတွင်း လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း စတင်အသုံးမပြုလျှင် သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိလျှင်သော်လည်းကောင်း၊ ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်လို့ ပြဋ္ဌာန်းထား ပါတယ်။ ကျွန်တော့်အနေနဲ့ အဲဒီနေရာမှာ ပြန်လည်သိမ်းယူနိုင်သည်ဆိုတဲ့နေရာမှာ ပြန်လည်သိမ်းယူ ရမည်လို့ ပြင်ဆင်ချင်ပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ အစောပိုင်းမှာ နိုင်ငံရဲ့ လယ်ယာမြေတွေကို မြေပုံပေါ်မှာ ခွဲခြမ်းပြီးတော့ ကိုယ်ရဲ့အမွေရ ပစ္စည်းလို ခွဲခြမ်းထားပြီးတော့ လ/န တွေ လျှောက်ထားတာ၊ လ/ယ ၃၀ တွေ လျှောက်ထားတာ၊ လျှောက်ထားပြီးတော့ မအောင်မြင်ဘဲနဲ့ ဒီအတိုင်းပဲထားနေတာ၊ ပြီးတော့ မြို့ကွက်တွေ ရိုက်ပြီးတော့ မရောင်းဘဲစောင့်နေတာ၊ ကျွန်တော်တို့ စိုက်ပျိုးရေးအတွက် များစွာထိခိုက်ပါတယ်။ အဲဒီအတွက်ကြောင့် အသုံးပြုမယ်ဆိုရင် ကိုယ်ပြုနိုင်သလောက်သာ လျှောက်ထားပြီးတော့ အသုံးမပြုနိုင်တာတွေကို ပြန်လည်ပြီးတော့ သိမ်းဖို့လိုအပ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော့်အနေနဲ့ကတော့ ဒီဥပဒေကို သိမ်းရမည်လို့ပဲ ပြင်ဆင်ချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။　　။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစိုင်းလုံစံခတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၈။**

**ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။　　။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ် ဖြစ်ပါတယ်။ အခု ကျွန်တော် ဆွေးနွေးမယ့်အချက်က ပြန်လည်ပြင်ဆင် တဲ့ ဥပဒေမူကြမ်းအပေါ်မှာ အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ်မှာ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ချင်ပါတယ်။

ပုဒ်မခွဲငယ်(၁)မှာ ဆိုလို့ရှိရင် မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေး လုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိရဲ့ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်သူလို့ ဆိုထားပါတယ်။ အဲဒီနေရာမှာ ကျွန်တော် ဖြည့်စွက်ချင်တာကတော့ ဒီနေရာမှာ မွေးမြူရေး ဆိုတဲ့နေရာရဲ့ရှေ့မှာ ကျွန်တော်က တစ်နိုင်တစ်ပိုင် ဆိုတဲ့ စကားရပ်လေးတစ်ခု ဖြည့်စွက်ချင်ပါတယ်။

ထို့အတူပါပဲ အပိုဒ်(၂)မှာလည်း ကျွန်တော် မွေးမြူရေးလုပ်ငန်း ဆိုတဲ့အချက်ရှေ့မှာ တစ်နိုင်တစ်ပိုင် ဆိုတဲ့ စာသားလေး ထပ်ထည့်ချင်ပါတယ်။ အပိုဒ်ခွဲငယ်(၃)မှာ ဆိုရင်လည်းပဲ မြေကိုအသုံးပြု၍ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်စိုက်ပျိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် သို့မဟုတ် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကို ဆိုတဲ့ နေရာမှာလည်းပဲ ကျွန်တော့်အနေနဲ့ တစ်နိုင်တစ်ပိုင်ကို ဖြုတ်ပြီးတော့ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်တဲ့နေရာမှာ စီးပွားဖြစ်ကိုပဲ ကျွန်တော်က ဖျက်ပြီးတော့ တစ်နိုင်တစ်ပိုင် ဆိုတဲ့ စကားရပ်လေးကို အစားထိုးချင်ပါတယ်။ ဒီလိုပါပဲ အပိုဒ်ခွဲငယ်(၄)မှာ ဆိုလို့ရှိရင် လည်း မြေကိုအသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဆိုတဲ့နေရာမှာ မွေးမြူရေးရဲ့ရှေ့မှာ တစ်နိုင်တစ်ပိုင် ဆိုတဲ့ စကားရပ်လေး အစားထိုးချင်ပါတယ်။ ဒီ(၅)မှာလည်းပဲ ဒီအတိုင်းပဲ ကျွန်တော် ဖြည့်စွက်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ တောင်သူလယ်သမား အဓိပ္ပာယ်ဖွင့်ဆို ချက်မှာဆိုလို့ရှိရင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူများနဲ့ ရောနှောစွာ အဓိပ္ပာယ်ဖွင့်ဆို ထားတာဖြစ်တဲ့အတွက်ကြောင့် ဒီမွေးမြူရေးလုပ်ငန်းဆိုတဲ့ရှေ့မှာ တစ်နိုင်တစ်ပိုင် ဆိုတဲ့ စကားရပ်လေး ထည့်ခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂:၀၀။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးအကြံပြုမယ့်ကိစ္စကတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းကို ပြင်ဆင်တဲ့ ဥပဒေနဲ့ ပတ်သက်လို့ပါ။

ပထမဆုံး ကျွန်တော် ဆွေးနွေးတင်ပြ အကြံပြုမယ့် ဥပဒေကတော့ အခန်း(၆)၊ ပုဒ်မ ၁၈ ဖြစ်ပါတယ်။ ပုဒ်မ ၁၈ မှာ မူလဥပဒေက ပြဋ္ဌာန်းထားတာက ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းကိစ္စရပ်များအတွက် နှစ်ဦးသဘောတူ စာချုပ်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ ရှေ့မှောက်တွင် ချုပ်ဆို၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၌ မှတ်ပုံတင်ရာတွင် လယ်ယာမြေတန်ဖိုးကို ဒေသန္တရအခြေအနေအရ ဆီလျော်သောနှုန်းထားဖြစ်စေရန် သင့်လျော်သည့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အား လုပ်ပိုင်ခွင့် အပ်နှင်းရမည်လို့ ဖွင့်ဆိုထားပါတယ်။ ဒီနေရာမှာ သင့်လျော်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဆိုတာ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့လား၊ ခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့လား၊ တိုင်းဒေသကြီး စီမံခန့်ခွဲမှုအဖွဲ့လား မကွဲပြားပါဘူးခင်ဗျား။ ဒါကြောင့် ဥပဒေရဲ့သဘောအရ တိကျရှင်းလင်းတဲ့သဘောကို ကျွန်တော် ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။ မြေတန်ဖိုးကို ဒေသန္တရ အခြေအနေအရ ဆီလျော်သော နှုန်းထားဖြစ်စေရန် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အား လုပ်ပိုင်ခွင့် အပ်နှင်းရမည်လို့ ကျွန်တော် ဒီလိုပြင်ဆင်ချင်ပါတယ်။ တိကျတဲ့

တာဝန်ပေးမှုရှိမှ မြေယာကိစ္စတွေကို ဖြေရှင်းတဲ့နေရာ ဒေသန္တရရုန်းထားအရ တွက်ချက်တဲ့နေရာမှာ မြို့နယ်ကသာလျှင် အောက်ခြေနဲ့ ထိတွေ့မှုအဖြစ်ဆုံးဖြစ်တဲ့အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား လုပ်ပိုင်ခွင့်အပ်နှင်းရမည်လို့ ကျွန်တော် ပြင်ဆင်ချင်ပါတယ်။

ဒုတိယအနေနဲ့ အခန်း(၇)၊ ပုဒ်မ ၁၉ ဖြစ်ပါတယ်။ ဒီမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဤဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များ အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ၊ လိုက်နာရန် ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်ရမည်လို့ ဒီလိုဖွင့်ဆိုထားပါတယ်။ ဒီနေရာမှာလည်း လိုက်နာရန် ပျက်ကွက်သည့် ဝန်ကြီးဌာနက ဆိုတဲ့နေရာမှာ ဝန်ကြီးဌာနကိုတော့ ဒီ ဝန်ကြီးဌာန ပြင်ဆင်ချက်မှာပဲ ပြင်ဆင်ထားပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ကဆိုတာ ဒါ သဘာဝကျပါတယ်။ ဘာကြောင့်မို့လို့လဲဆိုတော့ အောက်ခြေလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တွေကို ဗဟို လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ကပဲ ကျွန်တော်တို့ အခန်း(၅)၊ ပုဒ်မ ၁၆(က) အရ ဖွဲ့စည်းတာဆိုတော့ ဒီကိစ္စပြင်ဆင်တာကိုတော့ ကျွန်တော်သဘောတူပါတယ်။ ဒါပေမယ့်လို့ အဲဒီရဲ့နောက်မှာ ဤကိစ္စ အလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဆိုတာ စောစောကလိုပါပဲ၊ ဘယ်အဖွဲ့ကို ပြောမှန်း မသိပါဘူး။ မြို့နယ်လား၊ ခရိုင်လား၊ တိုင်းလားမသိပါဘူး။ အဲဒီတော့ ကျွန်တော်စောစောက အခန်း(၆)၊ ပုဒ်မ ၁၈ ကို ပြင်ဆင်သလိုပဲ အခု အခန်း(၇)၊ ပုဒ်မ ၁၉ မှာလည်း ဤကိစ္စအလို့ငှာ ခန့်အပ်သည့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည်လို့ ကျွန်တော် ထပ်မံ ပြင်ဆင်ချင်ပါတယ်။

နောက်တစ်ခု အခန်း(၇)၊ ပုဒ်မ ၂၀ ပါ။ ပုဒ်မ ၂၀ မှာ မူလဥပဒေမှာ ပြဋ္ဌာန်းထားတာက အခန်း(၁၉)ပါ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်သောအမိန့်ကို လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ရက်ထက် ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုရမယ်လို့ ဒီလို ဆိုထားပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဇယားမှာလည်း ပါ ပါတယ်။ ဒီဟာကို ပုဒ်မ ၁၉ အရ ချမှတ်သောအမိန့်ကို လိုက်နာခြင်းမရှိသည့် မည်သူမဆို ယင်းအမိန့်ပါ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဆိုပြီး ဒီလို ပြင်ဆင်ထားပါတယ်။ ဒါကိုလည်း ကျွန်တော် သဘောတူပါတယ်။ သို့သော် အဲဒီ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုရဲ့ အမိန့်တွေကို ဖောက်ဖျက်တဲ့လူတွေကို တရားစွဲဖို့အတွက် တိကျတဲ့လမ်းညွှန်ချက် ဒီဥပဒေမှာ မပါ ပါဘူး။

ကျွန်တော်တို့ မြေပြင်မှာလည်း လယ်ယာမြေ စည်းမျဉ်း၊ စည်းကမ်းတွေကို ဖောက်ဖျက်တဲ့၊ ဥပဒေကို ကျော်လွန်တဲ့လူတွေကို ဘယ်အဖွဲ့အစည်းက တရားစွဲမှာလဲဆိုတာ တိကျတဲ့ပြဋ္ဌာန်းမှု မရှိတဲ့အတွက် ဒီနေ့ထိအောင် မြေယာမှုခင်းတွေကို ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။ ဒါကြောင့် ကျွန်တော် ပြင်ဆင်တာက ယင်းအမိန့်ပါ သတ်မှတ်ရက် ကျော်လွန်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုရမည်လို့ ပြင်ဆင်လိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၅။**

**ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော် ဆွေးနွေးလိုတဲ့ လယ်ယာမြေ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေနှင့် ပတ်သက်ပြီး ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အရှေ့က ကိုယ်စားလှယ်တော်ကြီးနှစ်ယောက်ကလည်း ကျွန်တော်တို့ အခန်း(၅)၊ ပုဒ်မ ၁၆ ကို ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျိုးကြောင်းဖော်ပြချက် မတူညီတာဖြစ်တဲ့အတွက် ကျွန်တော် ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ မူလဥပဒေမှာ ဖော်ပြထားတဲ့ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် အောက်ပါ (က) လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းပေးရမည်။ (က-၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ (က-၂) ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ (က- ၃) မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ (က-၄) ရပ်/ကျေးလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ပုဒ်မခွဲ(ဂ)မှာလည်း ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားတဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းရမည်လို့ ဖော်ပြထားပါတယ်။

ကျွန်တော် ပြင်ဆင်လိုတဲ့အချက်ကတော့ ပုဒ်မ ၁၆၊ အပိုဒ်ခွဲ(က-၂)မှာ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှာ တောင်သူလယ်သမားကိုယ်စားလှယ် တစ်ဦးနှင့် တောင်သူလယ်သမားအရေး စိတ်ပါဝင်စားတဲ့ ခရိုင်အဆင့် ရပ်မိရပ်ဖတစ်ဦးကို ထပ်ထည့်ပြီးတော့ ပွင့်လင်းမြင်သာစွာ ဖွဲ့စည်းစေချင်ပါတယ်။ ပုဒ်မ ၁၆၊ အပိုဒ်ခွဲ(၃)ကိုလည်းပဲ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာ တောင်သူလယ်သမား ကိုယ်စားလှယ်တစ်ဦးနှင့် တောင်သူလယ်သမားအရေး စိတ်ပါဝင်စားတဲ့ မြို့မိ/မြို့ဖ ကိုယ်စားလှယ်တစ်ဦးကို ထပ်မံပြီးတော့ ပွင့်လင်းမြင်သာစွာ ဖွဲ့စည်းစေချင်ပါတယ်။ ပုဒ်မခွဲ ၁၆၊ အပိုဒ်ခွဲ(က-၄)အား ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား ရပ်မိရပ်ဖ ကိုယ်စားလှယ်တစ်ဦး တောင်သူလယ်သမားအရေး စိတ်ပါဝင်စားသူ တောင်သူလယ်သမား ကိုယ်စားလှယ်တစ်ဦးဖြင့် ထပ်မံ၍ ပွင့်လင်းမြင်သာစွာ ဖွဲ့စည်းသင့်ပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌတွေဟာ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးမှူးတွေ ဖြစ်ပြီးတော့၊ အဲဒီအဖွဲ့ထဲက အတွင်းရေးမှူးတွေက လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနက ဌာနဆိုင်ရာ အကြီးအကဲများဖြစ်ပြီးတော့၊ အဖွဲ့ဝင်တွေကလည်း ဌာနဆိုင်ရာအကြီးအကဲတွေ ဖြစ်တဲ့အတွက် သူတို့ရဲ့ အပြောင်းအရွှေ့တွေ ပြုလုပ်တဲ့အခါမှာ သက်ဆိုင်ရာ ကျန်ရှိတဲ့ ကိုယ်စားလှယ်နှစ်ဦးကနေ ပြန်ထိန်းကျောင်းပြီးတော့

ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ပွင့်လင်းမြင်သာစွာ ဖွဲ့စည်းရမယ် ဆိုတဲ့အချက်ကိုလည်း ကြည့်ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၂၄-၅-၂၀၁၇ ရက်နေ့ နေ့စွဲပါ ညွှန်ကြားချက်အမှတ် (၃/၂၀၁၇)၊ စာအမှတ်၊ ၁၂/လရ-၃(၁၃၉/၂၀၁၇)ဖြင့် ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား လိုအပ်ပါက အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပါသည်။

သို့သော် ဥပဒေတွင် ပွင့်လင်းမြင်သာစွာ ဆိုသည့်စကားရပ် ပါရှိခြင်း မရှိသည့်အတွက် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများဟာ ၎င်းတို့ရဲ့၊ ၎င်းတို့နဲ့ အဆင်ပြေတဲ့သူများကိုသာ ဖွဲ့စည်းခဲ့တာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်ကြားမှုတွေ ရှိလာပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေမှာ ပွင့်လင်းမြင်သာစွာ ဆိုတဲ့စကားရပ်ကို ထည့်သွင်းပေးဖို့ အကြံပြုအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော် အခန်း(၁၂)၊ ပုဒ်မ ၃၇ ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၃၇ အား မူလဥပဒေရော၊ ဝန်ကြီးဌာနနှင့် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့ အချက်တွေရော ကျွန်တော် လက်ခံပါတယ်။ သို့သော်လည်း အသစ် ပြန်လည်ဖြည့်စွက်လိုက်တဲ့ အခန်း(၁၂)၊ ပုဒ်မ ၃၇(က)မှာ မည်သူမဆို ဤဥပဒေအရ လယ်ယာမြေ လုပ်ပိုင်ခွင့်မရှိဘဲ လယ်ယာမြေကို ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ အခြားတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက ဤဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့် ရရှိထားသည့် လယ်ယာမြေပေါ်တွင် ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်သော်လည်းကောင်း ထိုသူကို အနည်းဆုံး (၆)လမှ အများဆုံး (၂)နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်(၃)သိန်းမှ အများဆုံးကျပ် (၅)သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ဖော်ပြထားပါတယ်။

ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ လယ်ယာမြေကို လုပ်ပိုင်ခွင့်မရှိဘဲ ကျူးကျော်လုပ်ပိုင်ခွင့်နှင့် တရားဝင်လုပ်ပိုင်ခွင့် ရရှိထားသည့်တောင်သူများအကြား အငြင်းပွားမှုများကို ဥပဒေကြောင်းအရ ထိထိရောက်ရောက် အရေးယူရန် ဖြည့်စွက် ပြဋ္ဌာန်းထားတဲ့သဘော ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သဘောတူ လက်ခံပါတယ်။ သို့သော် ပုဒ်မ ၃၇ တွင် ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စီရင်ခြင်းခံရလျှင်ဟု ပါရှိသည့်အတွက် ပုဒ်မ ၁၄ တွင် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက် မရရှိဘဲ မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သည့်အဖွဲ့အစည်းကိုမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရဟု ပါရှိပါတယ်။

ထို့အတွက်ကြောင့် မူလဥပဒေတွင်ပါရှိတဲ့ အခန်း(၁၃)၊ ပုဒ်မ ၄၁ တွင် ပုဒ်မ ၃၇ အရ တရားစွဲသော ပြစ်မှုများကို ရဲအရေးပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်ဟု ဆိုရာတွင် ပုဒ်မ ၃၇ တွင် ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဟု ပါရှိပြီး ပုဒ်မ ၁၄ သည် နိုင်ငံခြားသားနှင့် ဆက်နွှယ်သည့် ပြစ်မှုဖြစ်ပြီး ယခု အသစ်ပြင်ဆင် ဖြည့်စွက်လိုက်တဲ့ ပုဒ်မ ၃၇(က)သည် လယ်ယာမြေလုပ်ကိုင်သူအချင်းချင်း အငြင်းပွားတဲ့ပြစ်မှု ဖြစ်တဲ့အတွက်ကြောင့် ပုဒ်မ ၄၁ တွင် ပုဒ်မ

၃၇(က) အား ရဲအရေးပိုင်သောပြစ်မှု မဖြစ်ရ ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၁။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လယ်ယာမြေဥပဒေမှာ ပါရှိတဲ့ အခန်း(၁)၊ ပုဒ်မ ၃(ည)နဲ့ အခန်း(၁၃)၊ ပုဒ်မ ၃၈ တို့ကို အတတ်နိုင်ဆုံး အကြံဉာဏ်ထောက်ပြ အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ အဆိုပါပုဒ်မတွေဟာ တောင်သူလယ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်တဲ့ ပုဒ်မတွေပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ပုဒ်မ ၃၊ ပုဒ်မခွဲ(ည) ကို ဦးစွာပထမ တင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုပါပုဒ်မမှာ တောင်သူလယ်သမားအဖွဲ့အစည်း ဆိုသည်မှာ ကျေးလက်စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူပြုစေရန် ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော တောင်သူ လယ်သမားအဖွဲ့အစည်းကို ဆိုလိုသည်ဆိုပြီး မူလဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ပြင်ဆင်သည့် ဥပဒေကြမ်းမှာလည်းပဲ အဆိုပါ မူလဥပဒေအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ပြင်ဆင်ဖြည့်စွက်ထားတာကို ကျွန်တော့်အနေနဲ့ ထပ်မံတွေ့ရှိရပါတယ်။ အဆိုပါပုဒ်မကိုပဲ ဥပဒေကြမ်းကော်မတီက တောင်သူ လယ်သမားအဖွဲ့အစည်း ဆိုသည်မှာ တောင်သူလယ်သမားအကျိုးစီးပွားနှင့် အခွင့်အရေးအတွက် ကိုယ်စားပြု ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုသည်ဆိုပြီး အစားထိုး ပြင်ဆင်ထားတာကို ကျွန်တော့်အနေနဲ့ တွေ့ရှိရပါတယ်။ အဆိုပါ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကျွန်တော့်အနေနဲ့ အနည်းငယ် ပြင်ဆင်စေချင်ပါတယ်။

အဆိုပါ ပြဋ္ဌာန်းချက်ဖြစ်တဲ့ တောင်သူလယ်သမားအဖွဲ့အစည်း ဆိုသည်မှာ တောင်သူလယ် သမားအကျိုးစီးပွားနှင့် အခွင့်အရေးကို ကိုယ်စားပြုဆောင်ရွက်နိုင်ရန် ဆိုတဲ့နေရာမှာ ကျွန်တော့်အနေ နဲ့ တောင်သူလယ်သမားအဖွဲ့အစည်း ဆိုသည်မှာ တောင်သူလယ်သမားအကျိုးစီးပွားနှင့် အခွင့်အရေး များအတွက် ကိုယ်စားပြု ကာကွယ်ဆောင်ရွက်နိုင်ရန် ဆိုပြီး ကျွန်တော့်အနေနဲ့ ကာကွယ် ဆိုတဲ့စကား လုံးကို ဖြည့်စွက် ထည့်သွင်းချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ လူတွေမှာ စိတ်ကောင်း၊ စေတနာကောင်းနှင့် အများအကျိုးကို ဆောင်ရွက်နေတဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေရှိသလို ကိုယ်ကျိုးရှာမှ ပွဲစားသဖွယ် ဆောင်ရွက်နေတဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ ရှိနေတဲ့အတွက်ကြောင့် မို့လို့ ကိုယ်စားပြု ကာကွယ် ဆိုတဲ့စကားလုံးကို ကျွန်တော် ထပ်မံဖြည့်စွက်ချင်ပါတယ်။

အလားတူ ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆိုသည့်စကားရပ်ကိုလည်း ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်ပါတယ်။ ဘာကြောင့်လို့လဲဆိုတော့ အဆိုပါ ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆိုတဲ့စကားရပ်က တိတိကျကျ ဥပဒေတစ်ရပ်ကို ဖော်ညွှန်းထားသည့် အဓိပ္ပာယ်အကျိုးသက်ရောက်မှု မရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဓိပ္ပာယ်အကျိုးသက်ရောက်မှု တိတိကျကျ ဥပဒေတစ်ခု ပြဋ္ဌာန်းဖို့အတွက် လိုအပ်တယ်ဆိုတဲ့အတွက် အကြံပြုလိုပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ ထုတ်ပြန်ထားတဲ့ ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆိုတဲ့စကားရပ်ကို ဝန်ကြီးဌာနက ထုတ်ပြန်ထားသော တောင်သူလယ်သမားဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေတစ်ရပ်နှင့်အညီ ဆိုပြီးတော့ ကျွန်တော် အစားထိုး ပြင်ဆင်ချင်ပါတယ်။

ဆက်လက်ပြီး ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုလိုသည် ဆိုတဲ့နေရာမှာလည်း ကျွန်တော့်အနေနဲ့ အဆိုပါ ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်း ဆိုတာ မည်သူ၊ မည်ဝါတွေနှင့် ဖွဲ့စည်းထားတာကို တိတိကျကျ မဖော်ပြနိုင်ဘူးဆိုပြီး ထင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားများဖြင့် ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုလိုသည် ဆိုပြီးတော့ အစားထိုး ပြင်ဆင်ချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပြင်ဆင်ချင်တဲ့ ပုဒ်မ ၃၊ ပုဒ်မခွဲ(ည) တောင်သူလယ်သမားအဖွဲ့အစည်း ဆိုသည်မှာ တောင်သူလယ်သမားအကျိုးစီးပွားနှင့် အခွင့်အရေးများအတွက် ကိုယ်စားပြု ကာကွယ်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော တောင်သူလယ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တောင်သူလယ်သမားများဖြင့် ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုလိုသည် ဆိုပြီး ကျွန်တော် ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။

ဆက်လက်ပြီး ကျွန်တော် ပုဒ်မ ၃၈ ကို အကြံပြုသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဥပဒေတစ်ခု ပြဋ္ဌာန်းတဲ့နေရာမှာ ဥပဒေ ထိရောက်အားရှိဖို့အတွက် ကျွန်တော်တို့သည် အဓိပ္ပာယ်ကွဲလွဲမှုမရှိအောင် တိတိကျကျ ဖော်ပြဖို့လိုသလို ပုဒ်မ တစ်ခုနှင့်တစ်ခု အရှေ့နဲ့ အနောက် ချိတ်ဆက်မိဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ ကျွန်တော် ခုနက ပြောသွားတဲ့ ပုဒ်မ ၃(ည)နှင့် ပုဒ်မ ၃၈ ဟာ အချင်းချင်း ဆက်စပ်မှု ရှိသည့်အတွက်ကြောင့်မို့လို့ ကျွန်တော် ပြင်ဆင်ချင်တာက မူလဥပဒေမှာ တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်စေရေးကို ရှေးရှု၍ ပြဋ္ဌာန်းထားသော ဥပဒေများအတိုင်း တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုလိုသည် ဆိုတဲ့နေရာမှာ ပုဒ်မ တစ်ခုနှင့်တစ်ခု အဓိပ္ပာယ်ကွဲလွဲမှု မရှိအောင်၊ ဆက်စပ်မှုရှိအောင် ကျွန်တော့်အနေနဲ့ အဆိုပါ ပုဒ်မ ၃၈ ကို တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးများကို ရှေးရှု၍ ပြဋ္ဌာန်းထားသော ဥပဒေများအတိုင်း တောင်သူလယ်သမားများ၏ အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်သည်ဆိုပြီး ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂:၁၆။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၆။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ အသစ် ဖြည့်စွက် ပြင်ဆင်ပြဋ္ဌာန်းလိုချက်များနဲ့ ပြင်ဆင်လိုချက်များကို ရှင်းလင်း တင်ပြသွားပါမယ်။ Power Point သုံးပြီး တင်ပြခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ အခန်း(၁)က ပုဒ်မ ၃ မှာ တောင်ယာ ဆိုတဲ့ စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းပေးစေလိုပါတယ်။ တောင်ယာဆိုသည်မှာ သစ်တောမြေ သို့မဟုတ် လယ်ယာမြေ သို့မဟုတ် မြေလွတ်၊ မြေရိုင်းများအဖြစ် သတ်မှတ်ထားသည့် မြေပေါ်တွင် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ ထုံးတမ်းအရ အလှည့်ကျ အနားပေးသည့်စနစ်ဖြင့် ရာသီပင် စိုက်ပျိုးထားသောမြေကို ဆိုသည်ဟု အသစ် ပြဋ္ဌာန်းပေးစေ၊ ဖြည့်စွက် ပြဋ္ဌာန်းပေးစေလိုပါတယ်။ ခိုင်မာတဲ့ ကျိုးကြောင်းဖော်ပြချက်များကို တင်ပြသွားပါ့မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရည်ရွယ်ချက်နှင့် အခြေခံမူပေါ်မှာ ပြုစုထားတဲ့ မူဝါဒများကို အကောင်အထည်ဖော်ရာမှာ Instrument အဖြစ် အသုံးပြုရတဲ့၊ ပြုဖို့အတွက် ဥပဒေများကို ပြုတယ်လို့ပဲ နားလည်ထားပါတယ်။ တောင်ယာ ဆိုတာဟာ တိုင်းရင်းသားလူမျိုးစုများ ရိုးရာဓလေ့ ထုံးတမ်းအရ ရိက္ခာအတွက် စိုက်ပျိုးတာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုများရဲ့ ဓလေ့ထုံးတမ်း ဆိုင်ရာ မြေယာလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြုပြီး ကာကွယ်ပေးဖို့လည်း ရည်ရွယ်ဖို့ လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေရဲ့ ရိုးရာမြေ အသုံးချမှုအခွင့်အရေး အပြည့်အဝ ရရှိစေရေး၊ ယင်းအခွင့်အရေးများကို ကာကွယ်ရန်အတွက် ရည်ရွယ်သင့်ပါတယ်။ ဒီ စကားရပ်ကို ဒါကြောင့်မို့လို့ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုထားမှ ဖြစ်မှာပါ။ မြေကိုအုပ်ချုပ်ဖို့၊ မြေကို စီမံခန့်ခွဲဖို့၊ မြေကို ခွဲဝေပြုဖို့ ဆိုတဲ့အချက်များဟာ အစိုးရတစ်ရပ်အတွက် အရေးကြီးတဲ့ မူဝါဒများရဲ့ အခြေခံများ ဖြစ်ပါတယ်။ ပြဿနာ ဖြစ်လာနိုင်တာကတော့ အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများကို အခြားသူများ သို့မဟုတ် အစိုးရအဖွဲ့၊ အခြားအဖွဲ့အစည်းများကို နှစ်ရှည် လုပ်ပိုင်ခွင့် ပေးလိုက်တဲ့အခါဖြစ်စေ၊ ငှားရမ်းလိုက်တဲ့ အခါဖြစ်စေ၊ မြေအမျိုးအစား ပြန်လည်သတ်မှတ်ရတာမျိုး မလွဲမသွေ လုပ်ရပါတယ်။ အဲဒီအခါမှာ တိုင်းရင်းသားလူမျိုးစုများ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာအရ လုပ်ကိုင်ဆဲ မြေယာ လုပ်ပိုင်ခွင့်များ မဆုံးရှုံးစေဖို့ ကာကွယ်ပေးဖို့ လိုအပ်ပါတယ်။

ဒါကြောင့်မို့လို့ နည်းဥပဒေများလည်း ပြဋ္ဌာန်းပေးရပါမယ်။ အဲဒါကို ရည်ရွယ်ပြီးတော့ တောင်ယာ ဆိုတဲ့စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုဖို့ အသစ်ဖြည့်စွက်သင့်ကြောင်း ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နောက်ထပ် ပြင်ဆင်လိုတဲ့ပုဒ်မက၊ Next slide ပုဒ်မတစ်ခုက ပုဒ်မ ၃(ဆ) ဖြစ်ပါတယ်။ တောင်သူလယ်သမား အိမ်ထောင်သားစု

အကြီးအကဲ ဆိုသည်မှာ တောင်သူလယ်သမား အိမ်ထောင်သားစု၏ အကြီးအကဲဖြစ်၍ လယ်ယာမြေ လုပ်ပိုင်ခွင့် တရားဝင် ရရှိထားသူကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။ မူလဥပဒေမှာ အိမ်ထောင်သားစု အကြီးအကဲ ဆိုသည်မှာ အိမ်ထောင်သားစုတစ်ခုရဲ့ အကြီးအကဲဖြစ်၍ ထိုအိမ်ထောင်သားစုတွင် လုပ်ငန်းများကို ခေါင်းဆောင် လုပ်ကိုင်သူကို ဆိုသည်ဟု ပြဋ္ဌာန်းချက်မှာ လက်တွေ့နှင့် တစ်ထပ်တည်း မဖြစ်ပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အရွယ်လွန်သူ လယ်သမားကြီးများ၊ အမျိုးသမီးများဟာ လယ်လုပ်ပိုင်ခွင့် ရရှိထားသော်လည်းပဲ တကယ်လုပ်ငန်းကို လုပ်ဆောင်တာကတော့ တူ၊ တူမများ၊ သားသမက်များ ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ဒီစကားရပ်ကို လက်တွေ့နှင့်ညီအောင် ပြင်ဆင်သင့် တယ်လို့ ယူဆပါတယ်။

နောက်တစ်ချက် ပြင်ဆင်လိုတာကတော့ ပုဒ်မ ၃(ည) ဖြစ်ပါတယ်။ (ည) နဲ့ပတ်သက်ပြီး တော့ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အရ ပြင်ဆင်ထားတာက တောင်သူလယ်သမား အဖွဲ့အစည်း ဆိုသည်မှာ တောင်သူလယ်သမား အကျိုးစီးပွားနှင့် အခွင့်အရေးအတွက် ကိုယ်စားပြု ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော တောင်သူလယ်သမား အဖွဲ့အစည်းကို ဆိုသည်ဟု မူလဥပဒေကို ပြင်ဆင်ထားတာကို တွေ့ရပါတယ်။ မူလဥပဒေထက် များစွာ ပိုမိုကောင်းမွန်တာ တွေ့ရပါတယ်။ ဒါပေမဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ပြည့်စုံဖို့လို့ အနည်းငယ် ဖြည့်စွက်သင့် တယ်လို့ ယူဆပါတယ်။ ဒါကြောင့် တောင်သူလယ်သမားအဖွဲ့အစည်း ဆိုသည်မှာ တောင်သူ လယ်သမားများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အခွင့်အရေးများ၊ ရပိုင်ခွင့်များအတွက် ကိုယ်စားပြု ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုလိုသည်လို့ ပြင်ဆင်သင့်ပါတယ်။

နောက် ပြင်ဆင်လိုတာကတော့ အခန်း(၄) လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူ လိုက်နာရမည့် စည်းကမ်းများ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ည) ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ကို သက်ဆိုင်ရာ လယ်ယာမြေစီမံ ခန့်ခွဲမှု အဖွဲ့အစည်းအဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်သောအမိန့်ကို လိုက်နာရမည်လို့ ပြင်ဆင် ထားတာတွေ့ရပါတယ်။ ပြင်ဆင်လိုပါတယ်။ ပြင်ဆင် ဖြည့်စွက်ချင်တာကတော့ မြေယာမှုခင်း ဖွင့်လှစ် ဆောင်ရွက်သော မြေယာအငြင်းပွားမှုများတွင် အဆင့်ဆင့်သော ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က ဥပဒေနှင့်အညီ ချမှတ်သောအမိန့်ကို လိုက်နာရမည်။ အဆင့်ဆင့်သော လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့များသို့ အယူခံဝင်ထားဆဲ ကာလများတွင် အခင်းဖြစ်မြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရဟု ကန့်သတ် ထားသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို အထက်အဆင့်ကနေပြီးတော့ အောက်အဆင့် အားလုံးကို ကျွန်တော်တို့ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း လုပ်နိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါ့ကြောင့် အယူခံဆဲကာလမှာ Status Quo ပိုနေမြဲ ကျားနေမြဲ အဆင့် ရသင့်တယ်လို့ အဲဒီလို ယူဆလို့ တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၂။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ဆွေးနွေးမယ့် အကြောင်းအရာကတော့ ဒီ လယ်ယာမြေဥပဒေမှာ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)၊ အဲဒီ ပုဒ်မခွဲ(က)ထဲက ပုဒ်မခွဲငယ်အသစ်တစ်ခု ဖြည့်စွက်ချင်ပါတယ်။ ဖြည့်စွက်ချင်တဲ့ကိစ္စကတော့ အကြောင်းထူးရှိသော တိုင်းကြား၊ ခရိုင်ကြား၊ မြို့နယ်ကြား ဖြစ်ပွားသည့် မြေနုကျွန်းကိစ္စရပ်များ ရှိခဲ့ပါလျှင် ၁၉၀၈ ခုနှစ် India Ground Survey မြေပုံအညွှန်းဖြင့် မြေတိုင်းတာချက်အရ သက်ဆိုင်ရာ အုပ်ချုပ်ရေးနယ်နိမိတ်အတွင်း ကျရောက်သော မြေနုကျွန်းကို အဆိုပါ မြေနု၊ အဆိုပါ မြို့နယ်ရှိ နီးစပ်ရာကျေးရွာများမှ လယ်ယာမဲ့ တောင်သူများကို တန်းစီဇယားဖြင့် တစ်နှစ်တစ်ရာသီ လုပ်ကိုင်ခွင့် ခွဲဝေ ချထားပေးရမည်။ အဲဒါ ဖြည့်စွက်ချင်ပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ဒီ မြေနုကျွန်း အများဆုံးဖြစ်တဲ့နေရာတွေဟာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ အများဆုံး ဖြစ်ပါတယ်။ မြစ်ရဲ့ အရှေ့ဘက်ကမ်းတွေက မြေခိုင်မာတဲ့ မြေတွေဖြစ်တယ်။ မြစ်ရဲ့ အနောက်ဘက်ကမ်းမြေတွေဟာ မြေနုဖြစ်တော့ နှစ်စဉ်လို တိုက်စားမှုတွေ ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ၁၉၀၈ ခုနှစ်ကစပြီး ဒီမြေတွေ ခိုင်မာမှုအပေါ်မှာ မူတည်ပြီးတော့ India Ground Survey မြေပုံရဲ့ ကျောက်တိုင်တွေ၊ ကြေးပြွန်တွေဟာ မြစ်အရှေ့ဘက်ကမ်းမြို့နယ်တွေမှာ စိုက်ထူထားရှိတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ ဒီမြေနုကျွန်းနဲ့ ပတ်သက်ပြီးတော့ ၁၉၆၂ ခုနှစ်နောက်ပိုင်းက စပြီးတယ်ဆို အုပ်ချုပ်ရေးအဆင့်ဆင့်မှာရှိတဲ့ ကောလ္လိပ်တော်အရာရှိတို့ဟာ လူမှုရေးကို ရှေးရှုလျက် မြေပြင်ရဲ့ ပကတိအခြေအနေတွေကို တိုင်းတာမှုနည်းပါးပြီးတယ်ဆို အမြော်အမြင်နှင့် နှစ်ဖက်မြို့နယ်ရဲ့ မြေနုကျွန်းပြဿနာတွေကို ဖြေရှင်း ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီစနစ်တွေကြောင့်လည်း လယ်ယာမြေစီမံခန့်ခွဲရေးစာရင်း၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ မြေပုံတွေဟာ တိကျမှုအားနည်းနေကြောင်း လေ့လာတွေ့ရှိရပါတယ်။

အနီးစပ်ဆုံးပြောရမယ်ဆိုလို့ရှိရင် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ စလင်းမြို့နယ်နဲ့ ဇီးချိုပင်ကျေးရွာအုပ်စု၊ ကျူတောရွာနဲ့ ချောက်မြို့နယ်၊ ကျွန်းသစ်ရွာအနီးမှာ ၂၀၁၆ ခုနှစ်၊ မြေနုကျွန်းအငြင်းပွားမှုဖြစ်စဉ်မှာ ချောက်မြို့နယ်ဘက်မှ အခိုင်အမာ ကြေးပြွန်တွေရှိတဲ့အတွက် ဒါတွေကို အမာခံအဖြစ် အသုံးပြုပြီး မြေတိုင်းပေးရန် ကျွန်တော်အပါအဝင် နှစ်ဖက်မြို့နယ်မှ ပြည်သူ့လွှတ်တော်၊ တိုင်းလွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ ခရိုင်မြေစာရင်း ဦးစီးမှူးတွေကို အဲဒီ အချင်းဖြစ် မြေနုကျွန်းပေါ်မှာ ညှိနှိုင်းပြောဆိုခဲ့ပါတယ်။ ဒါပေသည့် လက်တွေ့တိုင်းတော့ ကျွန်တော်တို့ဘက်က အခိုင်အမာမရှိတဲ့ မြေတွေပေါ်ကနေ တိုင်းသွားတော့ မြေရဲ့ မြို့နယ်ရဲ့ Boundary ဟာ မှန်ကန်မှုမရှိဘဲနဲ့ မြေယာ ဆုံးရှုံးခဲ့ကြတယ်။ အဲဒီတော့ ကျွန်တော် ပြောချင်တာကတော့ မြို့နယ် Boundary

မျဉ်းတွေကို ၁၉၀၈ ခု၊ India Ground Survey မြေပုံအရ ပြန်လည်တိုင်းတာ သတ်မှတ်ပေးလျှင် တိကျတဲ့ အဖြေရမည်လို့ မြေနုကျွန်းအငြင်းပွားမှု သံသရာလည်း အဆုံးသတ်မယ်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ**။　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၁)နာရီခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၃၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး**။　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။　။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ**။　။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့် ဆက်လက်ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၆။**

**ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှလုံး ရွှင်ပြုံးကြပါစေလို့ မေတ္တာရှေ့ထား ရိုသေလေးစားစွာ ဂါရဝပြုပါတယ်။

လယ်ယာမြေကို ပြင်ဆင်တဲ့ဥပဒေကြမ်း အခန်း(၁၂)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ ပုဒ်မ ၃၇ မှာ ပုဒ်မခွဲ(က) အသစ်ဖြည့်စွက်ထားတာကို တွေ့ရှိရပါတယ်။ ဒါလိုအပ်တဲ့အတွက် ကျွန်တော်တို့ ဒါ ပြဋ္ဌာန်းဖို့အတွက် ဥပဒေကြမ်းမှာ ဒီလို တင်ပြထားတာကိုလည်းပဲ ကျွန်တော် လေးလေးစားစား ကျွန်တော်တို့ သဘောထားပါတယ်။ တကယ်တမ်းပြန်ပြီး ကျွန်တော်တို့ တွေ့ရှိရသမျှ ဒီကျူးကျော်

လယ်ယာမြေလုပ်ပိုင်ခွင့်မရှိဘဲ ကျူးကျော်တဲ့သူတွေ၊ သူတစ်ပါးခွင့်ပြုထားတဲ့ မြေပေါ်မှာ ကျူးကျော်တဲ့ သူတွေအတွက် အပြစ်ဒဏ်ပါ။ ကျွန်တော်တို့အများစု ကြားမြင်တွေ့ရှိ၊ ကျွန်တော်တို့ နယ်မြေလေး တွေမှာ တွေ့ရတာလေးကို အခြေခံရမယ်ဆိုရင် အဲဒီ ကျူးကျော်တယ်လို့ ပြောတဲ့လူတွေဟာ တစ်ခါတလေ စီမံကိန်းကြောင့် အသိမ်းခံရတဲ့ တောင်သူလယ်သမားတွေ အများစုဖြစ်နေတာပါ။ ဥပမာဆိုရင် ကျွန်တော်မြို့နယ်လေးမှာပဲ ဥပမာ ဌာနတစ်ခုကို ခွင့်ပြုလိုက်တယ်၊ သူက အဲဒီလုပ်ငန်းကို အယောင်ပြပဲလုပ်ပြီး အလယ်ခေါင်မှာ သူက အဲဒီကလေးက ထွန်စားတယ်။ ထွန်စားတဲ့ ကလေးက လည်း တစ်ရွာတည်းသားတွေ၊ အသိမ်းခံရတဲ့ရွာသားနှစ်ယောက်က တစ်ရွာတည်းသား၊ ထွန်စားတဲ့ ကလေးက ဝန်ထမ်း၊ တစ်ရွာတည်းသား၊ အဲဒါမကျေနပ်လို့ ပြောကြတော့ တာဝန်ဝတ္တရားနှောင့်ယှက်မှု ဘာညာနဲ့ အဲဒီလို ဖြစ်ကြပါတယ်။

နောက်တစ်ခုကလည်း ထိုနည်းအတိုင်းပါပဲ။ စီမံကိန်းချတယ်၊ စီမံကိန်းကို မလုပ်တဲ့အတွက် တခြားလူတစ်ယောက်ကိုပေးတယ် ဆိုပြီးတော့ထားတယ်။ ဒါပေမဲ့ အဲဒီလူကလည်း ဘာမှလာမလုပ် တော့ ဟိုလူတွေက ဝင်ထွန်တယ်။ ဟာ ကျူးကျော်တယ်ဆို တရားစွဲတယ်၊ အဲဒီမယ် စိတ်မကောင်းစရာ အဲဒီထဲမှာဆိုရင် စိတ်နည်းနည်းလေး ဟိုမန့်တဲ့ ကလေးမလေး ပါသွားတယ်။ ထောင်ထဲမှာ တစ်ညလုံး အော်တယ်။ ကျွန်တော်တို့ အဲဒါ ဒီ တာဝန်မထမ်းဆောင်ခင် ဒီပါတီဘဝမှာ ကျွန်တော်တို့ လိုက်ခဲ့ရ ဖူးပါတယ်။ လိုက်တော့ ကျွန်တော်တို့ အယူခံတွေ ဘာတွေ ဝင်တော့ ပြန်လွတ်သော်လည်းပဲ ၁၇ ရက် လောက်တော့ ချုပ်ခံရပါတယ်။ ဆိုလိုချင်တာကတော့ ကျွန်တော်တို့ ဒီ ၃၇ ပေါ်ပေါက်လာရတာ ကျူးကျော်တာပါ။ အဲဒီတော့ ကျူးကျော်တယ် ဆိုတော့ ကျွန်တော်တို့ ဒီအခန်း(၁၁)၊ ပုဒ်မ ၃၂ မှာ ဒီ လယ်ယာမြေစီမံခန့်ခွဲတဲ့အခါမှာ စီမံကိန်း သတ်မှတ်အကောင်အထည်ဖော်တဲ့ လူတွေပေါ့။ ရတဲ့လူ တွေက သူတို့ အကောင်အထည်ဖော်တဲ့လုပ်ငန်းကို မလုပ်လို့ရှိရင် မူလပိုင်ရှင်ကို ပြန်ပေးပေါ့။ အဲဒီမှာ သူတို့က နှစ် ကန့်သတ်ချက်တို့၊ ဘာတို့ မပါဘူး။ မပါတဲ့အခါ ဘယ်လိုဖြစ်လဲဆိုတော့ ပေးလိုက်တဲ့ လူက မလုပ်၊ သူတို့ကတော့ ခြံစည်းရိုးတွေခတ်ထားတယ် အခိုင်အမာ၊ ဟိုလူတွေကလည်း (၁)နှစ် လာလည်း မလုပ်၊ (၂)နှစ်လာလည်း မလုပ်၊ ပေါင်းပင်တွေ၊ မြက်ပင်တွေထတော့ ကိုယ့်ချွေးသွေးနဲ့ လုပ်ထားတဲ့ ဟာလေး ကဲ မထူးပါဘူးဆို၊ မထူးဇာတ်ခင်း ဝင်လည်းဝင်ကြရော ပိုင်နက်ကျူးကျော်မှုတို့၊ ဘာတို့ ဖြစ်ကုန်ကြတာပေါ့။

အဲဒီတော့ ကျွန်တော့်အနေနဲ့ အတိုချုပ်ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့တစ်တွေဟာ ပြည်သူ ပြည်သားတွေ၊ တောင်သူလယ်သမားတွေကို ကျွန်တော်တို့ အကာအကွယ်ပေးရမယ်၊ ဥပဒေတွေ ဖြစ်ရမှာ ဖြစ်တဲ့အတွက် ကျွန်တော်ကတော့ ၃၇(က)ကို အသစ်ဖြည့်တာကိုလည်း မပြောလိုသော် လည်းပဲ ၃၂ ကိုတော့ဖြင့် ပုဒ်မ ၃၂၊ အခန်း(၁၁)၊ ပုဒ်မ ၃၂ ကိုတော့ တိတိကျကျ အကောင်အထည် ဖော်စေချင်ပါတယ်။ ဘယ်လိုလဲဆိုရင်တော့ စီမံကိန်းကို ခွင့်ပြုခွင့်ရရှိတဲ့လူဟာ သတ်မှတ်တဲ့ကာလ အတိအကျကို ပြဋ္ဌာန်းပေးဖို့ လိုပါမယ်။ အတိအကျ ပြဋ္ဌာန်းပေးတဲ့အချိန်မှာလည်းပဲ သူတို့ပြောတဲ့ လုပ်ငန်းကိုမလုပ်ရင် ပြန်လည်ပြီးတော့ သိမ်းယူပြီးတော့ မူလလယ်သမားထံ ပြန်အပ်မယ်၊ ပြန်အပ် ရမယ် ဆိုတဲ့ ဖြည့်စွက်ချက်များကို သင့်တော်သလို နည်းဥပဒေမှာ သင့်တော်သလို ဥပဒေမှာ အစီအစဉ် များ ထည့်သွင်းပေးခြင်းအားဖြင့် ပုဒ်မ ၃၇ မှာ လယ်ယာမြေဥပဒေမှာ လယ်ယာမြေဥပဒေရဲ့ ပိုင်ရှင်

တွေဖြစ်တဲ့ တောင်သူလယ်သမားအများစု နှစ်နာမယ့်ကိစ္စရပ်များလည်း ပေါ်ပေါက်လာပြီးတော့ ၃၇ (က)လည်းပဲ ထပ်မံ ဖြည့်စွက်စရာ လိုတော့မှာမဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ အကျိုးကို သတ်မှာထက် အကြောင်းတရားကို သတ်ခြင်းအားဖြင့် ပုဒ်မ ၃၂ မှာ စီမံကိန်း ရရှိတဲ့သူများဟာ မိမိပြောတဲ့အလုပ်ကို လုပ်၊ ပြောတဲ့အလုပ်ကို မလုပ်ဘူး၊ ပြောတဲ့ကာလ မလုပ်ဘူး ဆိုရင်တော့ ပြန်သိမ်းဖို့အတွက် ကျွန်တော်တို့ ခန့်ခဲ့တဲ့ပုဂ္ဂိုလ်များဟာ ဒီလူတွေဆီက ပြန်သိမ်းပေးရင်ဖြင့်တော့ တောင်သူလယ်သမားတွေလည်း ကျေကျေနပ်နပ်နှင့် ကျူးကျော်မှုတွေ ဖြစ်မှာမဟုတ်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီနည်းဥပဒေလေးကို ပုဒ်မ ၃၂ မှာ ထည့်သွင်းပေးပါလို့ ကျွန်တော်က အကြံပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၀။**

**ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။　။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မ လယ်ယာမြေဥပဒေနဲ့ ပတ်သက်ပြီး ကျွန်မရဲ့ မဲဆန္ဒနယ်မှာ (၉၀)ရာခိုင်နှုန်းကျော်ရှိတဲ့ စိုက်ပျိုးမြေနဲ့ စိုက်ပျိုးတောင်သူတွေကို အခြေခံပြီး သူတို့ရဲ့ အကျိုးအတွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အခန်း(၁)၊ ပုဒ်မ ၃(က)မှာ လယ်ယာမြေနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ နှစ်ရှည်ပင် စိုက်ပျိုးမြေပါဝင်နေပေမယ့်လည်း တူညီတဲ့အခွင့်အရေးနဲ့ အသိအမှတ်ပြုမှု နည်းပါးနေတဲ့အပေါ် ထောက်ပြရည်ညွှန်းချင်ပါတယ်။ ဒီနေ့အထိ အစိုးရအနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးပြီးတော့ ထုတ်ပေးခဲ့တဲ့ လယ်ယာမြေအမျိုးအစားထဲမှာ ကျွန်မတို့ နှစ်ရှည်ပင်စိုက်ပျိုးတဲ့မြေဟာ ပါဝင်ခဲ့ခြင်း မရှိပါဘူး။ ဒီလိုပဲ မနက်ပိုင်းက ကိုယ်စားလှယ်(၃)ဦး ဖော်ပြထားသလိုပဲ တောင်ယာစိုက်ပျိုးမြေကို သီးသန့်အဓိပ္ပာယ် ဖော်ပြထည့်သွင်းထားခြင်း မရှိတဲ့အတွက် ကျွန်မရဲ့မဲဆန္ဒနယ်မှာ ဓားမဦးချ တောင်ယာခုတ်ပြီး နှစ်ရှည်ပင် စိုက်ပျိုးလာခဲ့တဲ့ ဧက(၂၀၀,၀၀၀)ကျော်ဟာ ဒီနေ့ထိ မြေလွတ်၊ မြေရိုင်း အဖြစ်သာ အမည်ပေါက်နေပါတယ်။ အဲဒီ မြေလွတ်၊ မြေရိုင်း အချို့ကို ကုမ္ပဏီတွေကို ချပေး လိုက်ပြီးတဲ့နောက် ကုမ္ပဏီက ဒေသခံစိုက်ပျိုးလုပ်ကိုင်တဲ့လူကို ကျူးကျော်သူအဖြစ် တရားပြန်စွဲတဲ့ အမှုတွေလည်း ဒီနေ့အထိရှိနေပါတယ်။ အဲဒီ့အပြင် အခြားစိုက်ပျိုးမြေဧက (၂၀၀,၀၀၀)ကျော်ထဲမှာ (၅၀၀၀၀)ကျော်လောက်ကိုပဲ လယ်ယာစိုက်ပျိုးလုပ်ကိုင်ခွင့် ထုတ်ပေးနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီစိုက်ပျိုးမြေတွေဟာ ကြိုးဝိုင်း၊ ကြိုးပြင်ထဲမှာ တပ်သိမ်းမြေထဲမှာ၊ ကုမ္ပဏီသိမ်းမြေထဲမှာ ရောက်နေလို့ဖြစ်ပါတယ်။ ဒီမြေတွေကိုလည်း ကရင်အမျိုးသားအစည်းအရုံးကနေ တိုင်းတာ သတ်မှတ်ပေးနေတာတွေလည်း ရှိပါတယ်။

အခန်း(၂) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုခြင်းမှာ ကျွန်မတို့ ကျင်းပပြီးခဲ့တဲ့ ပင်လုံငြိမ်းချမ်းရေး ညီလာခံ ဒုတိယအကြိမ်က မြေယာကဏ္ဍနှင့်ပတ်သက်တဲ့ သဘောတူညီချက်တွေကိုလည်း အခြေခံသင့် ပါတယ်။ အဲဒီမှာ ဖော်ပြထားတဲ့ ဒီမိုကရေစီ၊ လူ့အခွင့်အရေး ဖက်ဒရယ်စံနှုန်းတွေကိုလည်း ထည့်သွင်း စဉ်းစားဖို့ လိုအပ်ပါတယ်။ ပုဒ်မ ၆(က)မှာ လယ်ယာမြေ အသုံးပြုခွင့်ရထားတဲ့ လူပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်တွေထဲမှာလည်း ကျား၊ မ ခွဲခြားမှုမရှိတဲ့ အခွင့်အရေးကို ထည့်သွင်းသင့်ပါတယ်။ လုပ်ပိုင်ခွင့် ပြန်လည်သိမ်းယူပြီးတဲ့ ပျက်ကွက်မြေတွေကို ပြန်လည်ချထားတဲ့အခါမှာလည်း အမှန်တကယ် လုပ်ကိုင်လိုသူကို ချထားပေးဖို့ ပင်လုံညီလာခံ မြေယာသဘောတူညီချက်မှာလည်း ဖော်ပြထား ပါတယ်။ အဲဒီအတွက် ပုဒ်မ ၇(က)မှာလည်း တိတိကျကျ ညွှန်းဆိုဖော်ပြစေချင်ပါတယ်။

ကျွန်မရဲ့ မဲဆန္ဒနယ်မှာ ယခင်က ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ရထားတဲ့ ဧက(၁၅၀၀)ထဲမှာ ဧက(၃၀၀)လောက်ပဲ လုပ်ကိုင်နိုင်ခဲ့ပေမယ့် ဒီမလုပ်ကိုင်နိုင်ခဲ့တဲ့ ပျက်ကွက်မြေ တွေကို စနစ်တကျ ပြန်လည်ချထားပေးဖို့ကို ဒီကနေ့အထိ မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ အခန်း(၄)၊ ပုဒ်မ ၁၂(ဆ)မှာ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းနှင့်သုံးစွဲခွင့် သုံးစွဲခြင်းမပြုရ ဆိုတဲ့အပေါ်မှာ မူလစိုက်ပျိုးရေးလုပ်ငန်းကနေ လုံးဝ သွေဖည်သွားတဲ့လုပ်ငန်းတွေ သဘာဝပတ်ဝန်းကျင် မပျက်စီးရေး သစ်တော၊ သစ်ပင် ထိန်းသိမ်းရေးကိစ္စတွေကို အလေးအနက်ထားပြီး အလွယ်တကူ ပြောင်းလဲ လုပ်ကိုင်ခွင့် မပြုသင့်ပါဘူး။ ပွင့်လင်းမြင်သာမှု ရှိပြီးတော့ ကြောင်းကျိုးသင့်လျော်မှသာ ခွင့်ပြုသင့် ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာဆိုရင် တရားဝင် ခွင့်ပြုချက်ရရှိထားခြင်း၊ လျှောက်ထားခြင်း ရှိ/မရှိ မသိရဘဲနဲ့ ပြောင်းလဲလုပ်ဆောင်နေတဲ့ လုပ်ငန်းတွေကို တွေ့ရပါတယ်။ အဲဒီအတွက် အရေးယူ ဆောင်ရွက်နိုင်တဲ့ ဥပဒေတွေကိုလည်း ထည့်သွင်းပြဋ္ဌာန်းပေးဖို့ လိုအပ်ပါတယ်။

အခန်း(၄)၊ ပုဒ်မ ၁၂(ဇ)မှာ သီးနှံ ပြောင်းလဲစိုက်ပျိုးခွင့်ပြုချက်နှင့် တင်ပြရမယ့်အပေါ်မှာ ကျွန်မတို့ နှစ်ရှည်ပင် စိုက်ပျိုးတဲ့မြေတွေအတွက် အဆင်မပြေပါဘူး။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာ နှစ်ရှည် သီးနှံတွေကို ရောနှောစိုက်ပျိုးတဲ့ဓလေ့ပဲ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ သီးနှံပြောင်းလဲ စိုက်ပျိုး ခြင်းကို ခွင့်ပြုချက် တင်နေရမယ်ဆိုရင် အဆင်ပြေမှာ မဟုတ်ပါဘူး။ ပင်လုံငြိမ်းချမ်းရေးညီလာခံက မြေယာသဘောတူညီချက် (၆)မှာလည်း ဒေသခံတွေရဲ့ လိုလားချက်ကို ဦးစားပေးပြီး အဓိက လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဆိုပြီးတော့လည်း ပါရှိထားပါတယ်။

အခန်း(၅)၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းမှာဆိုရင် ပုဒ်မ ၁၅(က)အရ ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့်တွေမှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းပုံ တူကြပါတယ်။ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာတွေမှာ လယ်ယာစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းပုံက မတူပါဘူး။ ဒီအခြေခံကျတဲ့ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်တွေမှာ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ဆုံးဖြတ်ချက် မှန်ကန်တိကျဖို့ လိုတဲ့ အတွက်ကြောင့် ပြည်သူ့ကိုယ်စားလှယ်တွေကို ထည့်သွင်းသင့်ပါတယ်။ အဲဒါမှ လက်တွေ့ကျကျ စီမံ ခန့်ခွဲနိုင်မှာ ဖြစ်ပါတယ်။ အထွေထွေအနေနဲ့ အခန်း(၁၃)၊ ပုဒ်မ ၃၉ မှာ လယ်ယာစီမံခန့်ခွဲမှု အဆင့်ဆင့်တွင် ပါဝင်သော အဖွဲ့ဝင်များဟာ ရာဇသတ်ကြီး ပုဒ်မ ၂၁ ပါ အဓိပ္ပာယ်အရ ပြည်သူ့ ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်လို့ ဆိုတာကို ကျွန်မအနေနဲ့ ပယ်ဖျက်ချင်ပါတယ်။ ရာဇဝတ်ကြောင်း အရ တရားစွဲဆိုရန် ပေါ်ပေါက်ခဲ့မယ်ဆိုရင် ပြည်သူ့ဝန်ထမ်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆင့်မြင့်

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ခွင့်ပြုချက် တောင်းခံရမှာဖြစ်ပါတယ်။ အဲဒီအတွက် ပြည်သူ့ဝန်ထမ်းလို့ မသတ်မှတ်သင့်ပါဘူးလို့ ဆိုတဲ့အကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၆။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၆။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီးရဲ့ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေးမှာကတော့ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကို ကျွန်တော် ပြန်လည်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် ဆွေးနွေးမှာက ပြင်ဆင်မယ့်အပိုဒ် (၇)ချက်နှင့် ကျွန်တော် အသစ်ဖြည့်စွက်ချက်(၁)ချက် ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။

အသစ်ဖြည့်စွက်ချက်အနေနဲ့ကတော့ ကျွန်တော်တို့ ဘာကိုဖြည့်စွက်ချင်လဲဆိုရင် ကျွန်တော်တို့ ဘိုးဘွားပိုင်မြေ ဆိုတဲ့ ဒီမြေအမျိုးအစားကို ကျွန်တော် အဓိပ္ပာယ်ဖွင့်ဆိုမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အရပ်ထဲမှာခေါ်တာတော့ ဘိုးဘွားပိုင်မြေပေါ့။ သို့သော် ကျွန်တော်တို့ ဒီဘိုးဘွားပိုင်မြေဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ မြေမူဝါဒ (Land Policy) မှာလည်း ဘိုးဘွားပိုင်မြေ ဆိုတာလည်း အဓိပ္ပာယ်ဖွင့်ဆိုထားတာ ရှိပါတယ်။ ဒါလည်း လက်ရှိဘဝမှာ ရှိနေတဲ့အတွက် မြေပြင်မှာရှိနေတဲ့ မြေအမျိုးအစားပဲ။ နောက်တစ်ခု ကျွန်တော်တို့ ဒီ ဓားမဦးချမြေ ဆိုတာလည်း ဖွင့်ထားတာရှိပါတယ်။ အခုတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာတော့ ဒီဘိုးဘွားပိုင်မြေနဲ့ ဓားမဦးချမြေကိုတော့ မပါ လာတော့ဘူး။ ဒီနေရာမှာ ကျွန်တော်တို့ ဓားမဦးချမြေကိုတော့ ကျွန်တော် အဓိပ္ပာယ် မဖွင့်တော့ပါဘူး။ ဒီလယ်ယာမြေ ဥပဒေမှာ။ ဘာဖြစ်လို့လဲဆိုတော့ ခေတ်နှင့် နှစ်အကန့်အသတ်က သတ်မှတ်ထားတဲ့ အချိန်ကာလနဲ့ အများကြီးကွာဟသွားတဲ့အတွက် ကျွန်တော် ဘိုးဘွားပိုင်မြေကိုပဲ ကျွန်တော် အဓိပ္ပာယ် ဖွင့်ဆိုချက်အနေနဲ့ ဒီမှာ ကျွန်တော်က အသစ်ဖြည့်စွက်မှာ ဖြစ်ပါတယ်။

ဘိုးဘွားပိုင်မြေ ဆိုသည်မှာ မြေလွတ်၊ မြေရိုင်းကို မိမိကိုယ်တိုင် သို့မဟုတ် မိမိစရိတ်ဖြင့် တစ်ဦးတည်း မိမိလက်ထက်၌ အစဉ်မပြတ် စိုက်ပျိုးလုပ်ကိုင်ရုံမျှမက မိမိသားနှင့် မြေးများ လက်ထက်တိုင် တစ်ဆက်တည်း စိုက်ပျိုးလုပ်ကိုင်စေခြင်းဖြင့် မိမိအပါအဝင် သားစဉ်မြေးဆက် (၃)ဆက် လုပ်ကိုင်လာသောမြေကို ဆိုသည်။ သို့ရာတွင် ဆက်လက် လုပ်ကိုင်ခြင်းမရှိသောမြေများ မပါဝင် ဆိုပြီးတော့ ကျွန်တော် ဒါ ဘိုးဘွားပိုင်မြေအဖြစ် ကျွန်တော် အသစ် ဖြည့်စွက်ချင်တာ ဖြစ်ပါတယ်။

ဘာ ... ကြုံတွေ့နေရ၀ ... ကျွန်တော်တို့ ဒါတွေက ဖော်ပြထားပြီးရှိတယ်။ Land Policy မှာဆိုရင် ကျွန်တော် မြေအမျိုးအစား အနေနှင့် နိုင်ငံတော်ပိုင်မြေတွေ ရှိတယ်။ ဝန်ကြီးဌာနပိုင်မြေ ရှိတယ်။ သာသနာတော်နှင့် ပတ်သက်တဲ့ ဝတ္ထုကံမြေတွေရှိတယ်။ နောက်ပြီးတော့ အများပိုင်တဲ့လမ်းတွေ ရှိတယ်။ အဲလို အများပိုင်မြေထဲမှာမှ ဘိုးဘွားပိုင်မြေတွေ ရှိနေကြပါတယ်။ ဒီဘိုးဘွားပိုင်မြေနဲ့ ပတ်သက်ပြီးတော့ အခွန်မထွက်တဲ့အတွက် သူဟာ ပုံစံ(၇) လျှောက်လို့မရဘူးဖြစ်နေတယ်။ ပုံစံ(၇)လျှောက်လို့ မရတဲ့အခါကျ မြေလွတ်၊ မြေရိုင်း ဥပဒေအရ ကုမ္ပဏီတွေကို မြေလွတ်၊ မြေရိုင်းတွေ ချပေးတဲ့အခါ ဒီမြေတွေ ပါသွားတယ်။ ပါသွားတဲ့ အခါကျတော့ မြေလွတ်၊ မြေရိုင်း ဥပဒေအရ လုပ်ပိုင်ခွင့်ရထားတဲ့ ကုမ္ပဏီတွေဟာ ဒီမြေပေါ်မှာရှိတဲ့ ပိုင်ရှင်ကို မောင်းထုတ်တယ်၊ နှင်ထုတ်တဲ့အခါကျတော့ ပိုင်ရှင်သည် လက်ငုတ် လက်ရင်း ရှိတဲ့အခါ ကျတော့ မထွက်တဲ့အခါကျတော့ ပုဒ်မ ၄၂၇၊ ၄၄၇ တို့နှင့် တရားစွဲဆိုတဲ့အခါမှာ ပိုင်ရှင်သည် ထောင် ကျတယ်၊ မြေယာ လက်လွတ်ဆုံးရှုံးတဲ့အတွက် ကျွန်တော်တို့က ဒီဥပဒေမှာ လယ်ယာမြေဥပဒေမှာ ဘိုးဘွားပိုင်မြေတွေကို ကျွန်တော်တို့က အဓိပ္ပာယ်တစ်ခု သတ်မှတ်ပြီးတော့ ဒါကို ပုံစံ(၇)ရရှိဖို့အတွက် ကျွန်တော် နောက်ပိုင်းမှာ ကျွန်တော် အခန်း(၂)၊ ပုဒ်မ ၈ မှာ ကျွန်တော် ထည့်သွင်းပြီးတော့ ဆွေးနွေးထားတာ ရှိတဲ့အတွက် ကျွန်တော် ဘိုးဘွားပိုင်မြေကို ကျွန်တော် အသစ်ပြဋ္ဌာန်းတာဖြစ် ပါတယ်။ ဒါ အသစ်ဖြည့်စွက်ချက် ဖြစ်ပါတယ်။

နောက် ကျွန်တော် ပုဒ်မ ၃ က လယ်ယာမြေဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ အဓိပ္ပာယ် ဖွင့်ဆိုထားတဲ့နေရာမှာ ဓနိမြေဆိုတာ ပါနေတယ်။ ဒီဓနိမြေက လယ်ယာမြေ ဟုတ်၊ မဟုတ် ဆိုတာ ကျွန်တော်တော့ ပြန်သုံးသပ်ကြည့်တာ ဓနိမြေက လယ်ယာမြေ ဆိုရင် ပုံစံ(၇) ထုတ်ပေးရတော့မယ်။ ဓနိသည် ဘယ်မှာပေါက်လဲဆိုတော့ ကမ်းနားနယ်တွေမှာ ပေါက်တယ်၊ ရေရဲ့ ကျွန်တော်တို့ ရေချို၊ ရေငန်စပ်တွေမှာရှိတဲ့ ကမ်းနားနယ်တွေမှာ ဓနိမြေပေါက်တဲ့ အတွက် ဒီမြေကို လယ်ယာမြေအဖြစ် သတ်မှတ်တယ်ဆို ပုံစံ(၇)ထုတ်ပေးရမယ်။ ပုံစံ(၇) ထုတ်ပေး တယ်ဆိုရင် ပုံစံ(၇) ရပြီဆိုတာနဲ့ သူဟာ ချေးငွေတွေ ခံစားခွင့်ရှိတယ်၊ ပေါင်နှံခွင့်ရှိတယ်၊ သို့သော် ဒီဓနိမြေ စိုက်ထားတဲ့မြေသည် ကမ်းနားနယ်ဖြစ်တယ်။ မြစ်ချောင်းများ ဥပဒေမှာရှိတဲ့ ကမ်းနားနယ်ကို အမြင့်ဆုံး ဒီရေသတ်မှတ်ချက်ရဲ့ ကုန်းတွင်းပိုင်းကို ပေ(၁၅၀) အထိကို ကမ်းနားနယ်ပါတဲ့အတွက် ဒီမြေဟာ လယ်ယာမြေ မဟုတ်ဘူးလို့ ကျွန်တော် ယူဆတဲ့အတွက် ဒီဓနိမြေဆိုတာ ပယ်ဖျက်ပြီးတော့ အောက်ဆုံးမှာ ကျွန်တော်က အသစ်ဖြည့်စွက်ချင်တာက မြေနုကျွန်းဟုလည်းကောင်း၊ သတ်မှတ်ထား သည့်မြေများကိုဆိုသည် ဆိုတဲ့နေရာမှာ လူနေအိမ်များနှင့် အခြားအဆောက်အအုံများတည်ရှိရာ မြေများဆိုတဲ့ အသစ်ထပ်ဖြည့်တယ်၊ ဒါတွေဟာ ကျွန်တော်တို့ 3(B) မထွက်တဲ့နေရာတွေ ရှိတယ်။ မြို့ရွာနဲ့ တစ်ဆက်တည်းဖြစ်နေတဲ့ လယ်တွေကို အိမ်ဆောက်တယ်၊ ဂိုဒေါင်ဆောက်တယ်၊ စသည် အားဖြင့် အုတ်ပုံနှင့် ကျောက်ပုံနဲ့ ဒီလိုလုပ်တဲ့မြေတွေဟာ ဒါဟာ လယ်ယာမြေပါပဲ၊ ဒီမြေတွေဟာ လယ်ယာမြေပဲ၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့က လူနေအိမ်များနှင့် အဆောက်အအုံများ ရှိရာမြေများ လည်းပါသည် ဆိုတဲ့နေရာမှာ လယ်ယာမြေထဲမှာ ဖြည့်စွက်ချင်တာပါ။

...လုပ်ပိုင်ခွင့်
...နေရာမှာ
ကျွန်တော်က ပေးကမ်းသည့်မြေကို လက်ခံပြုခြင်းသူအားလည်းကောင်း၊ ဘိုးဘွားပိုင်မြေကိုလည်းကောင်း ဆိုပြီးတော့ ကျွန်တော် ဒီနားမှာ ဖြည့်ချင်တယ်။ နောက်တစ်ခုက စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်လုပ်ကိုင်ပြီးနောက် ဤဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားသူဟု ကျွန်တော် ၎င်းစိုက်ပျိုးပြီးသည့်မြေများလို့ ကျွန်တော်က သတ်မှတ်ချင်ပါတယ်။ ကျွန်တော်တို့ မြေလွတ်၊ မြေရိုင်း ဥပဒေအရ လယ်ယာမြေထုတ်ပေးတဲ့အခါမှာ စိုက်ပျိုးထားပြီးတဲ့ မြေကိုသာလျှင် (၃၀)ရာခိုင်နှုန်းစိုက်ပြီး (၃၀)ရာခိုင်နှုန်းပဲ ကျွန်တော်တို့က ဒါ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုရမှာ ဖြစ်တယ်။

နောက်ပြီး ကျွန်တော်တို့ အောက်မှာ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ထုတ်ပေးတဲ့နေရာမှာ မှတ်ပုံတင်ကြေး ပေးဆောင်စေ၍ မှတ်ပုံတင်ပြီးလျှင် ရက်ပေါင်း(၆၀)အတွင်း လုပ်ပိုင်ခွင့်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည် ဆိုတဲ့ဟာ ကျွန်တော် ပုဒ်မ ၈ မှာ ကျွန်တော် ဖြည့်စွက်ချင်တာ (၃)ခု ရှိပါတယ်။ ဒါ ကျွန်တော် အချိန်မလုံလောက်တဲ့အတွက် အကြမ်းဖျင်းပဲ ပြောပါ့မယ်။ နောက် ပုဒ်မ ၉(င) ဖြစ်ပါတယ်။ ပုဒ်မ ၉(င)မှာက လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ကျေးလက်သမဝါယမအသင်း၏ ဆိုတဲ့အရှေ့မှာ ကျွန်တော်က အစိုးရရင်းနှီးမြှုပ်နှံမှု ဆိုတဲ့ စကားရပ်ကို အသစ်ဖြည့်စွက်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော် ပုဒ်မ(င) ပုဒ်မ(င)မှာဆိုရင် ------------ (ညြဘာသံများ)

**အချိန်၊ ၁၃း၅၂။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၂။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ၊ ပုဒ်မ ၁၁၊ မြေနုကျွန်း ချထားရေးကိစ္စများအတွက် ဤဥပဒေအရပြုသည့် နည်းဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပုဒ်မ ၁၁ ကို ပြင်ဆင်လိုသည်မှာ မြေနုကျွန်းမြေ လုပ်ကိုင်ခွင့်ချထားရေးကိစ္စရပ်များအတွက် အုပ်ချုပ်ရေးနယ်နိမိတ်မှာ မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲခြင်းဟု ပြင်ဆင်လိုပါတယ်။ သက်ဆိုင်ရာဌာနများမှလည်း မြေနုကျွန်း နည်းဥပဒေများကို ပြန်လည် ရေးဆွဲစေလိုပါတယ်။

ဘာကြောင့် ပြင်ဆင်ချင်သလဲဆိုရင် ကျွန်တော့်ဇာတိ မွေးရပ်မြေသည် ယင်းချောင်းနှင့်ဧရာဝတီမြစ်ဆုံအနီးမှာ တည်ရှိပြီးတော့ ကျွန်တော့်ဘိုးဘွားများ လက်ထက်ကပင် ယင်းချောင်းကြောင့်ဖြစ်ပေါ်တည်ရှိလာတဲ့ မြေနုကျွန်း၊ မြစ်ကြောင့် ဖြစ်ပေါ်တည်ရှိလာတဲ့ မြေနုကျွန်းကိစ္စများကြောင့် တုတ်တပြက်၊ ဓားတပြက် အစဉ်သဖြင့် အမှုဖြစ်ပေါ်ကြရပါတယ်။ အခြားဒေသများမှာလည်း အားလုံး

သိရှိတဲ့အတိုင်း



အရှယ် ၁၉၇၃

နှစ်ထပ်စီး လူစီးသင်္ဘော၊ တောပန်းသင်္ဘောနဲ့ ရေကြောင်းပြောင်းလဲမှုကြောင့် နစ်မြုပ်ခဲ့ရဖူးပါတယ်။ ရေကြောင်း၊ မြစ်ကြောင်း၊ မြေနုကျွန်း ပြောင်းလဲတတ်သည့် နမူနာဖြစ်ရပ်တစ်ခုကို ကျွန်တော် တင်ပြတာပါ။

မြဝတီနှင့် မဲဆောက်နယ်စပ် သောင်ရင်းမြစ်ကို အခြေပြုပြီး မြေနုလုကြတော့ တစ်ဖက်ကမ်းက နည်းပညာနှင့် ကျွန်တော်တို့ရေကြောင်းကို ဒီဘက်ရောက်အောင်လုပ်ပြီး ကျွန်တော်တို့မြေကြီးကို ယူတယ် ဆိုတဲ့အကြောင်း အားလုံးလည်း ကြားဖူးနားဝရှိမယ်လို့ ထင်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ မြေပြင်နှင့်ထိစပ် ဆက်စပ်ထိစပ်နေသော ရေ၊ မြေပြင်မှာရှိတဲ့ ရေပြင်နယ်နိမိတ်၊ မြေပြင်၏ နယ်နိမိတ် သတ်မှတ်ချက်များသည် လေထဲ သတ်မှတ်ထားသလို မပြောင်းလဲနိုင်ပါဘူး။ ဒါ့ကြောင့် မြေပြင် ပကတိအနေအထား သိရှိပါက ဥပဒေပြုရာတွင် ပို၍အထောက်အကူ ဖြစ်နိုင်ပါလိမ့်မယ်။

သို့ပါ၍ ပုဒ်မ ၁၁ အား ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ နောက် ပုဒ်မ ၁၄ ကို ပြင်ဆင်လိုပါတယ်။ နောက် ကျွန်တော်တို့ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရဟု ဆိုထားပါတယ်။

ကျွန်တော် ပြင်ဆင်လိုတာကတော့ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့် နိုင်ငံခြားသားကိုမျှ နိုင်ငံခြားသားပါဝင်သည့် မည်သည့်အဖွဲ့အစည်းကိုမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုသည့် အကြောင်းပြချက်ကတော့ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်းမှာရှိတဲ့ အချို့အရပ်ဒေသများမှာ နိုင်ငံခြားသားများမှ ဖရဲစိုက်ပျိုးရန် တစ်နှစ် မြေတစ်ဧက (၂)သိန်းနှုန်းဖြင့် ငှားရမ်းပြီး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးမြေတွင် ၎င်းတို့ ဓာတ်မြေဩဇာများ အလွန်အကျွံသုံးပြီး ထားခဲ့သဖြင့် မြေဆီလွှာများ ပျက်စီးကျန်ခဲ့ပြီး ၎င်းတို့အမည်၊ ၎င်းတို့အဖွဲ့အစည်း မသုံးဘဲ လာရောက်လုပ်ကိုင်နိုင်ပါသဖြင့် ပြုပြင်လိုခြင်း ဖြစ်ပါတယ်။

နောက်ပုဒ်မတစ်ခုက ပုဒ်မ ၄၀ ပါ။ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ရှိ အဖွဲ့ဝင်များကို မည်သည့်တရားရုံးတွင်မှ တရားစွဲဆိုခွင့် မရှိစေရလို့ ဆိုထားပါတယ်။ ကျွန်တော် ပြင်ဆင်လိုတာကတော့ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီဖြစ်စေ မှန်ကန်မှုမရှိသော ဆောင်ရွက်ထားသည့် ကိစ္စတစ်ရပ်ရပ်

...်အလို့ငှာ ...င်ဗျား။

ပြင်ဆင်လိုတဲ့အကြောင်းကတော့ မြေယာနှင့်ပတ်သက်သောလုပ်ပိုင်ခွင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များကြောင့် လယ်ယာမြေ အရှုပ်အရှင်းကိစ္စရပ်များ ဖြစ်ပေါ်လာရသည့် အဓိကအကြောင်းအချက်တွင် တစ်ချက်အပါအဝင် ဖြစ်ပါတယ်။ ရပ်/ကျေး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် ကိုယ့်ရပ်ကိုယ့်ရွာ အတွင်းရှိ ကျေးရွာနေပြည်သူများ လယ်ယာကိစ္စ မသိရှိစရာအကြောင်း မရှိပါဘူး။ ဥပမာ (ပုံစံ-၇) ထုတ်မယ်ဆိုရင် စာရင်းကျန်သည်၊ စာရင်းမှားသည်ကို သိရှိစေရန် ကြော်ငြာမှာ ကပ်ထားမယ်၊ ကြေညာမည်ဆိုပါက မှားစရာမရှိနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်မဲဆန္ဒနယ်မြေ တချို့ပြည်သူများ တင်ပြလာမှုမှာ သဘောရိုးမှားယွင်းမှုမျိုး မတွေ့ရပါ။ ဤဥပဒေ ပုဒ်မ(က) မကြောက်မရွံ့ အမှားမှန်းသိလျက် ရဲရဲဝံ့ဝံ့ ဆောင်ရွက်စီမံနေတာကို တွေ့ရှိရပြီး တင်ပြလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် နိဂုံးချုပ် တင်ပြရမည်ဆိုလျှင် လယ်တီဆရာတော်ဘုရားကြီး၏ နွားမေတ္တာစာ ဆုံးမစာကြောင့် လယ်ယာထွန်ယက်စိုက်ပျိုးပြီးသော နွားများသည် ကျေးဇူးရှင်များဖြစ်ကြောင်း ဆုံးမစာတွင် ရေးသားထားသဖြင့် ပြည်သူ၊ ပြည်သားများ အမဲသားစားမှုနှုန်း လျော့နည်းသွားကြောင်း မှတ်သားရပါသည်။ ဆရာတော်ကြီးမှာ တောင်သူလယ်သမားမေတ္တာစာရေးထားခဲ့ရင် ကောင်းမှာပဲလို့လည်း ကျွန်တော့်အနေနဲ့ တွေးဆမိပါတယ်။ ယခုလိုအခြေအနေတွင် လယ်သိမ်း၊ ယာသိမ်း၊ မြေသိမ်း၊ မြေနုကျွန်း လုတဲ့ကိစ္စရပ်များ နည်းပါးသွားနိုင်မလားလို့လဲ တွေးဆမိပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုသည်မှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကလည်း ကျေးဇူးရှင် တောင်သူကြီးများအတွက်၊ ဦးကြီးများအတွက် လက်တွေ့ဆန်ဆန် မေတ္တာဖြင့် အကာအကွယ်ပေးနိုင်သော ဥပဒေများ ပြဋ္ဌာန်းပေးသလို လယ်ယာမြေကိစ္စ ပြဿနာပေါင်းစုံကိုလည်း စုပေါင်းဖြေရှင်းဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း ကျွန်တော့်ဆွေးနွေးမှုအား နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၅၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၈။**

**ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့် ဖြစ်ပါတယ်ရှင်။ ပြည်တွင်းပြည်ပ အလုပ်သမားရေးရာ ကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ပြင်ဆင်ထားတဲ့ ဥပဒေမူကြမ်း အခန်း၊ ပုဒ်မ အလိုက်နဲ့ ဖြည့်စွက်စရာရှိတာများကို တင်ပြချင်ပါတယ်။ နံပါတ်(၁)အနေနဲ့ ကျွန်မတို့ ဒီအခန်း(၁)၊

ပုဒ်မ ၃(ဃ)၌



သို့သော်လည်း

သို့ရာတွင် မြေပေါ် မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံ၊ ဓာတ်ငွေ့စသည့် သဘာဝသယံဇာတများ ထုတ်ယူ အသုံးချခွင့် မပါဝင်ဆိုတဲ့ဘေးမှာ ပြန်ပြီးတော့ ထည့်ချင်တာကတော့ ထို့ပြင် တောင်သူတို့၏ လိုအပ်ချက်အရ ကုန်ထုတ်လမ်းများကို နိုင်ငံတော်က သတ်မှတ်ပေးရမည် ဆိုတာကို ကျွန်မအနေနဲ့ ဖြည့်စွက်ချင်ပါတယ်။ ဒါကိုလည်းပဲ ကျွန်မတို့ ဒီ ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁) ကလည်းပဲ ကုန်ထုတ်လမ်းနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးသွားတာ ရှိပါတယ်။ ဒါကိုလည်း ကြိုဆိုပါတယ်။

ကျွန်မတို့ ပဲခူးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မြေ ကျွန်မတို့ရဲ့ ပဲခူးတိုင်းဒေသကြီး အတွင်းမှာ ဆိုလို့ရှိရင် ဒီကုန်ထုတ်လမ်းတွေနဲ့ပတ်သက်ပြီးတော့ တောင်သူတွေဟာ အင်မတန်မှ ပြဿနာ ဖြစ်ကြပါတယ်။ ဒီပြဿနာဖြစ်တဲ့ ကုန်ထုတ်လမ်းနဲ့ ပတ်သက်ပြီးတော့ ဌာနဆိုင်ရာ အသီးသီး ကလည်း သက်ဆိုင်ရာ ဌာနဆိုင်ရာအသီးသီးကလည်း ဖြေရှင်းနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ကုန်ထုတ်လမ်းနဲ့ ပတ်သက်ပြီးတော့ ရုံးတွေကို ရောက်ကြတယ်။ ဖြေရှင်းကြရတယ်။ တိတိကျကျအနေနဲ့ ကုန်ထုတ်လမ်းနဲ့ ပတ်သက်ပြီးတော့ ဖြေရှင်းနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် ဒီပုဒ်မ ၃(ဃ) မှာကတော့ ကျွန်မအနေနဲ့ တောင်သူတို့ရဲ့ လိုအပ်ချက်အရ ကုန်ထုတ်လမ်းတွေကို နိုင်ငံတော်က သတ်မှတ်ပေး ရမယ်လို့ ဖြည့်စွက်ချင်ပါတယ်။

နောက်တစ်ခုက ပုဒ်မ ၃ ရဲ့(ည)မှာလည်းပဲ ဒါကိုလည်းပဲ ကျွန်မတို့ ဒီ ဦးလင်းတင်ဋ္ဌေး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)ကလည်းပဲ ထောက်ခံသွားတာကို တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး လည်း ကျွန်မအနေနဲ့ တင်ပြချင်တာ၊ ဖြည့်စွက်ချင်တာကတော့ တောင်သူလယ်သမားအဖွဲ့အစည်း ဆိုသည်မှာ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန် ထုတ်ပြန်ထား သော ဥပဒေတစ်ရပ်ရပ်နှင့်အညီ လက်ရှိ လယ်ယာလုပ်ကိုင်နေကြသည့် လယ်သမားများဖြင့် ဖွဲ့စည်း ထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုလိုသည် ဆိုပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ ဘာကြောင့်လဲ ဆိုလို့ရှိရင် ဒီ လယ်သမားအဖွဲ့အစည်းဆိုတာ မရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ တကယ် လယ်ယာကို လက်ရှိလုပ်ကိုင်နေတဲ့ တောင်သူလယ်သမားတွေ စုပေါင်းဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်တယ် ဆိုတာကိုလည်းပဲ ကျွန်မအနေနဲ့ ဖြည့်စွက်ချင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အခန်း(၂)ပါဖြစ်တဲ့ အခန်း(၂)၊ ပုဒ်မ ၈ မှာလည်းပဲ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေ လုပ်ပိုင် ခွင့် ဝယ်ယူခြင်း၊ လဲလှယ်ရယူခြင်း သို့မဟုတ် ပေးကမ်းသည်ကို လက်ခံခြင်းပြုသူအားလည်းကောင်း၊ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသူအားလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိ၍ စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်စိုက်ပျိုးပြီးနောက် ဤဥပဒေနှင့် အညီ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားသူအား ၎င်းလယ်ယာမြေ အငြင်းပွားမှုများကို သေချာစွာ စိစစ်ပြီးမှသာလျှင် မှတ်ပုံတင်ကြေး ပေးဆောင်ရေး၊ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးရမည်။ အဲဒီမှာ ကျွန်မအနေနဲ့ လယ်ယာမြေ အငြင်းပွားမှုများကို သေချာစွာ

ပါတယ်။

ဆိုသလိုပဲ

ထုတ်ပေးနေတာတွေကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ သေချာစွာ စိစစ်ပြီးမှသာလျှင် လယ်ယာမြေ လုပ်ပိုင်ခွင့်တွေကို ပေးဖို့ကို ကျွန်မအနေနဲ့ ဖြည့်စွက်ချင်ပါတယ်။

နောက် လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အခန်း(၁၁)၊ ပုဒ်မ ၃၂ မှာ ဖြစ်တဲ့ ပြင်ဆင်သည့် ဥပဒေမူကြမ်းရဲ့ အောက်ဆုံးအပိုဒ်မှာ ကျွန်မအနေနဲ့ ထည့်ချင်တာကတော့ စီမံကိန်းများ သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးရန် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး စီမံကိန်း များ ဆောင်ရွက်ခြင်းမပြုတော့ပါက မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံ ပြန်လည်ပေးအပ်ရမည်ဖြစ်ပြီး မြေများကို သိမ်းယူခဲ့သည့်တောင်သူများအား နှစ်အလိုက် လျော်ကြေး ပေးရမည်လို့ ဖြည့်စွက်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီမံကိန်းတွေလုပ်မယ် လုပ်တုန်းကတော့ တောင်သူတွေဆီကနေပြီးတော့ မြေတွေကို သိမ်းယူချင်သလို သိမ်းယူခဲ့တယ်။ မလုပ်တဲ့အခါ ကျတော့ ဒီအတိုင်း ပြန်ပေးလိုက်မယ်ဆိုရင် လယ်သမားတွေအနေနဲ့ အင်မတန် နစ်နာပါတယ်။ ဒါကြောင့်မို့လို့ သိမ်းယူထားတဲ့တောင်သူတွေကို နှစ်အလိုက် လျော်ကြေးပေးရမယ်ဆိုတာကို ကျွန်မအနေနဲ့ ဖြည့်စွက် ချင်ပါတယ်။

နောက် လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အခန်း(၁၃)၊ ပုဒ်မ ၃၈ ကို ကျွန်မအနေနဲ့ တစ်ပိုဒ်လုံး ပြင်ချင်ပါတယ်။ တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ တိုးတက် စေရေးကို ရှေးရှု၍ ပြဋ္ဌာန်းထားသောဥပဒေများအတိုင်း တောင်သူလယ်သမားအဖွဲ့အစည်းကို ဖွဲ့စည်း နိုင်သည် ဆိုတဲ့နေရာမှာ တောင်သူလယ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေးအတွက် ဝန်ကြီးဌာနက လိုအပ်သည့် နည်းဥပဒေများကို ပြဋ္ဌာန်းပေးရမည်ဖြစ်သည်ကို ကျွန်မအနေနဲ့ ဖြည့်စွက်ချင်ပါတယ်ရှင်။ အခန်း(၁၃)ရဲ့ ပုဒ်မ ၄၀၊ ဒီ ပုဒ်မ ၄၀ ကတော့ ရှေ့မှာလည်းပဲ ကိုယ်စားလှယ်တော်ကြီးများ ကနေပြီးတော့ ကိုယ့်ရဲ့အသိနဲ့ အများကြီး ပြင်ဆင်သွားပါတယ်။ ဒီမှာလည်းပဲ ကျွန်မအနေနဲ့ တင်ပြ ချင်ပါတယ်။ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သည့်ကိစ္စတစ်ရပ်ရပ်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ရှိ အဖွဲ့ဝင်များကို မည်သည့်တရားရုံးတွင်မှ တရားစွဲဆိုခွင့်မရှိစေရ ဆိုတာနဲ့ပတ်သက်ပြီးတော့ ကျွန်မ အနေနဲ့ ဒါဟာဆိုလို့ရှိရင် တောင်သူတွေဟာ အမြဲတမ်းပဲ နစ်နာမှုတွေ ခံစားနေရပါတယ်။ တောင်သူ အများစုပဲ တရားရုံးတွေကို ရောက်တယ်။ ထောင်တွေကျတယ်။ တရားစွဲဆိုခံခဲ့ရတယ်။ အဲဒီတော့ ဒီတောင်သူတွေရဲ့ ဖြစ်လာတဲ့ပြဿနာတွေကို ဒီလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့် အဖွဲ့ဝင်တွေ ကကော သဘောရိုးနဲ့စစ်ဆေးတာလား ------------ (သြဘာသံများ)

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ**။ ။ ရပ်လိုက်ပါ။ ရပါပြီ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၄။**

**ဦး** [illegible] ဥက္ကဋ္ဌကြီးနှင့်ဝ [illegible] အားလုံး မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘမျိုးသိန်း ဖြစ်ပါတယ်။ ကျွန်တော် လယ်ယာမြေဥပဒေ ပြင်ဆင်တဲ့ ဥပဒေမူကြမ်းနှင့် ပက်သက်ပြီးတော့ ကျွန်တော် တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။

ကျွန်တော်ဆွေးနွေးမယ့် ပထမအပိုဒ်ကတော့ မူလဥပဒေမှာ အခန်း(၄) ပုဒ်မ ၁၃၊ ပုဒ်မ ၁၃ မှာ ဖော်ပြတာက ဤဥပဒေ အာဏာအတည်ပြုပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု၊ အရှုပ်အရှင်း ဖြစ်လာလျှင် ဤဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်း ဆောင်ရွက်နိုင်ခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။ ဒီပုဒ်မဟာ တကယ်တော့ လိုအပ်တဲ့ပုဒ်မလည်း ဖြစ်ပါတယ်။ အခြားထပ်ပြီးတော့ ဖြည့်စွက်စရာလိုတဲ့ပုဒ်မလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ ပုဒ်မကို ပုဒ်မရဲ့ စာသားပါတဲ့ ဤဥပဒေအာဏာတည်သည့်နောက် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု၊ အရှုပ်အရှင်း ဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်း ဆောင်ရွက်နိုင်ခွင့်ရှိသည့် အပြင် ထပ်ဆင့်ပြီးတော့ ဒီစကားရဲ့နောက်မှာ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများကို ဤဥပဒေ နည်းဥပဒေများနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ရမည်လို့ ထပ်မံဖြည့်စွက်လိုပါတယ်ခင်ဗျား။

ဒါကို အကျိုးအကြောင်းဖော်ပြချက်ကတော့ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ဒီ လုပ်ပိုင်ခွင့် လျှောက်တဲ့အခါမှာ ကန့်ကွက်လိုတဲ့သူတွေ ရှိလာတယ်။ လယ်ယာလုပ်ကွက် တစ်ခုတည်းမှာ တစ်ဦးထက်ပိုပြီးတော့ အပြိုင်လျှောက်တာတွေ ရှိလာပါတယ်။ ဒါ့အပြင် (ပုံစံ-၇) ထွက်ပြီးမှ တစ်ခါ အငြင်းပွားမှုတွေ ထပ်ပြီးတော့ ဖြစ်လာပါတယ်။ အဲဒီအတွက်ကြောင့် လယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်လွှာ မှတ်ပုံတင်စာရင်း သွင်းပြီးမှသာ ခွင့်ပြုဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ ဒီအကြောင်းပြချက် တစ်ခုဖြစ်ပါတယ်။

နောက်ထပ်တစ်ချက်ကတော့ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများကို လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ကသာ ဖြေရှင်းဆောင်ရွက်သင့်တာ ဖြစ်ပါတယ်။ ဒါက ဒုတိယအချက် ဖြစ်ပါတယ်။ တတိယအချက်က လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ ဖြေရှင်းမှုကို မလိုက်နာခဲ့လို့ရှိရင် ဤဥပဒေနှင့် အညီ ဆောင်ရွက်နိုင်လို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဤဥပဒေကို ကျွန်တော် ထပ်မံပြင်ချင်တာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် လွှတ်တော်ကို တင်ပြလိုခြင်းဖြစ်ပါတယ်။

ကျွန်တော် ဒုတိယပြင်ဆင်တဲ့ ဥပဒေကတော့ မူလဥပဒေမှာ အခန်း(၆)၊ ပုဒ်မ ၁၈ ဖြစ်ပါတယ်။ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆိုတဲ့စကားလုံးမှာ တစ်ဆက်တည်းကို ကျွန်တော်တို့ သွားမယ်ဆိုရင် နောက်ဆုံး ဒီဥပဒေရဲ့ ပုဒ်မရဲ့ ၁၈ နောက်ဆုံးမှာ ဆီလျော်သောနှုန်းထားဖြစ်စေရန် သင့်လျော်သည့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား လုပ်ပိုင်ခွင့် အပ်နှင်း နိုင်သည်လို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ သင့်လျော်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား

တဲ့ကိစ္စကို
သားတွင်
ပါရှိသော သင့်တော်သည့် လယ်ယာမြေစီမံခန့်ခွဲမှု အစား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဟူ၍ ဖြည့်စွက် အစားထိုးရန်ဖြစ်ပါတယ်။ ဒီလို ကျွန်တော် ပြင်ဆင်ချင်တာဖြစ်ပါတယ်ခင်ဗျား။

ဒီလိုပြင်ဆင်ရတဲ့ အကျိုးအကြောင်းဖော်ပြချက်ကတော့ ကျွန်တော်တို့ ဒီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို လုပ်ပိုင်ခွင့်ပေးခိုင်းတာက ဒီမြို့နယ်အနေနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေတွေရဲ့ တန်ဖိုးနှင့်ပတ်သက်တဲ့ သင့်တော်တဲ့နှုန်းထားကို မြို့နယ်ရဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသာ သိပါတယ်။ ဒီလို သိပြီးတော့ နှစ်ဦးသဘောတူစာချုပ် ချုပ်ရာမှာလည်းကောင်း၊ သင့်တော်တဲ့အခွန်၊ တံဆိပ်ခေါင်းနှင့်အတူ စာချုပ်ပြီးရင် မှတ်ပုံတင်ရတဲ့အတွက် ကျွန်တော် ဒီလို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဆိုပြီးတော့ အစားထိုး ပြင်ဆင်ရခြင်းဖြစ်ပါတယ်ခင်ဗျား။

တတိယအချက်အနေနဲ့ ကျွန်တော် တင်ပြချင်တာကတော့ မူလဥပဒေမှာ အခန်း(၁) ပုဒ်မ ၃(က)၊ ပုဒ်မ ၃(က)မှာ ရှေ့မှာလည်း ကျွန်တော်တို့ တော်တော်များများ ဖော်ပြထားပါတယ်။ တောင်ယာမြေပါ။ ပုဒ်မ ၃(က) လယ်ယာမြေနှင့် ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ တောင်ယာမြေ ပါ ပါတယ်။ လယ်ယာမြေ၊ ကိုင်းကျွန်းမြေ၊ ဒီ ဥယျာဉ်ခြံမြေ၊ ဓနိမြေ၊ တောင်ယာမြေ ဆိုပြီးတော့ ပါ ပါတယ်။ ဒါပေမဲ့ ဒီ ပုဒ်မမှာ ဒီ ဥပဒေရဲ့ ပုဒ်မ ၃(က)မှာ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာ ဒီ တောင်ယာမြေနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် မပါ ပါဘူး။

ဒါကြောင့် ကျွန်တော် ဒီလို ဒီတောင်ယာမြေနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထပ်မံဖြည့်စွက်လိုပါတယ်။ ဖြည့်စွက်လိုတဲ့စာသားအနေနဲ့ ပြောမယ်ဆိုလို့ရှိရင် ဒီတောင်ယာမြေ ဆိုတာဟာ မြေပြန့်ကဲ့သို့ ကျွဲ၊ နွား၊ ထွန်၊ ထယ်ကိရိယာများ စနစ်တကျ စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ တောင်ရိုး၊ တောင်စောင်းများ၌ တောခုတ်ထွင် ရှင်းလင်းပြီးတော့ ဆူးထိုးစိုက်ပျိုးခြင်း၊ ပေါက်ပြားပေါက်၊ ထယ်ကြောင်းဆွဲ၍ စိုက်ပျိုးယူခြင်းတို့ဖြင့် မိုးဦးကာလတွင် စိုက်ပျိုးရသည့် စိုက်ပျိုးမြေများကို ဆိုလိုသည်လို့ အဓိပ္ပာယ် ကျွန်တော် ဖွင့်ဆိုချင်ပါတယ်။ ဒီဟာလေးကို ဖြည့်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အကြောင်းပြချက်အနေနဲ့ ကျွန်တော် ပြောရမယ်ဆိုလို့ရှိရင် တောင်ယာမြေ ဆိုတာ ကျွန်တော်တို့ မြေမျိုးကြီး(၂၂)မျိုးထဲမှာ တောင်ယာမြေမျိုးကြီး ဆိုပြီးတော့ အမျိုးအစားမှာ ပါဝင်ပါတယ်။

ဒ့ါအပြင် စိုက်ပျိုးမြေ အမျိုးမျိုး၊ အစားစားထဲမှာ လယ်မြေ၊ ယာမြေ၊ ကိုင်းမြေ၊ ကျွန်းမြေ၊ ဥယျာဉ်ခြံမြေ၊ ဓနိမြေ ဖော်ပြသလို တောင်ယာမြေ ဆိုပြီးတော့ ဒီစိုက်ပျိုးမြေ အမျိုးအစားမှာလည်း ပါဝင်လို့ ဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ ဆိုလို့ရှိရင် စိုက်ပျိုးတဲ့ဒေသအရ ခွဲခြားဖော်ပြပါတယ်။ ဒီ ကိုင်းကျွန်းမြေတွေဆိုရင် မြစ်ကမ်းဘေးမှာရှိမယ်။ ကျွန်းပေါ်မှာမရှိဘူး။ ဒီ မြစ်တို့၊ ချောင်းတို့ အလယ်မှာရှိတဲ့ ကျွန်းပေါ်မှာရှိတယ်။ ဒါမျိုးကို ကျွန်တော် ကိုင်းကျွန်းမြေလို့ ခေါ်ပါတယ်။ အဲဒီလိုပဲ တောင်ပေါ်ဒေသမှာ စိုက်ပျိုးလို့ရှိရင်လည်း တောင်ယာမြေလို့ သတ်မှတ်ပါတယ်။ ဒီလိုအမျိုးအစားတွေ သတ်မှတ်မှုအရ ဒီတောင်ယာမြေဟာလည်းပဲ ကျွန်တော်တို့ ဒီအဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်နေပါတယ်။

ကျွ[illegible]
တောင်ယာမြေ[illegible]
အောက်မြန်မာနိုင်ငံ လယ်ယာနှင့် အခွန်ဥပဒေမှာလည်း ပါ ပါတယ်။ ဖွဲ့စည်းထားပါတယ်။ တောင်ယာမြေတွေကို တိုင်းရင်းသားတွေ တကယ် တောင်ရိုး၊ တောင်စောင်းမှာ စိုက်ပျိုးနေတဲ့ဥစ္စာကို အသိအမှတ်ပြုထားပါတယ်။ အသိအမှတ်ပြုထားတဲ့အပြင် ထပ်ပြီးတော့ လုပ်ပိုင်ခွင့်ပေးပါတယ်။ စီမံခန့်ခွဲခွင့်ပေးပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့အရ စိုက်ပျိုးတဲ့တောင်ယာမြေတွေကို သူတို့ရဲ့ စိုက်ပျိုးတဲ့ စီမံခန့်ခွဲခွင့်ပေးဖို့၊ လုပ်ပိုင်ခွင့်ပေးဖို့အတွက်ကို ဒီလို တောင်ယာမြေတွေအနေနဲ့ ကျွန်တော်တို့ ထည့်သွင်းပြီးတော့ ဖော်ပြစေချင်ပါတယ်။ ဒါကြောင့် ဒီတောင်ယာမြေနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို တင်ပြချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၀။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး အားလုံး မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကိုဆွေးနွေးရာမှာ အချိန်အကန့်အသတ်အရ အချို့ပုဒ်မတွေကို Power Point ထဲမှာလည်း ပြည့်စုံစွာဖော်ပြထားပြီး ဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ အကျဉ်းချုပ်ပြီး တင်ပြဆွေးနွေးသွားပါမယ်ရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒုတိယ Slide ပြပါ။ တောင်ယာမြေ ဆိုတဲ့စကားရပ်ရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် ဟာ ရှေ့ကကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားကြတဲ့အတိုင်းပါပဲ။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြဋ္ဌာန်းချက်မှာ မပါဝင်ပါဘူး။ ဒါကြောင့် ကျွန်မအနေနဲ့ အခန်း(၁)၊ ပုဒ်မ ၃ ပုဒ်မခွဲ(င)မှာ တောင်ယာမြေရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို Power Point မှာ တင်ပြထားတဲ့အတိုင်း အသစ် ဖြည့်စွက်ပြဋ္ဌာန်းလိုပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားတို့ရဲ့ ဒေသမှာ စွဲမြဲစွာကျင့်သုံးနေတဲ့ မြေယာဓလေ့ထုံးတမ်းများကို အလေးထား ဂရုပြုတဲ့အနေနဲ့ ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်တယ်လို့ မှတ်ယူလို့ ဖြစ်ပါတယ်ရှင်။

Slide (3) ကို ပြပါ။ အခန်း(၃)၊ ပုဒ်မ ၁၁ ကို ဒီလို ပြင်ဆင်ချင်ပါတယ်။ မြေနုကျွန်းချထားရေး၊ ကိုင်းကျွန်းမြေချထားရေးနှင့် တောင်ယာလုပ်ကိုင်ခွင့် ကိစ္စရပ်များအတွက် ဤဥပဒေအရ ပြုသည့် နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်ဟု ပြင်ဆင်လိုပါတယ်။ Slide (4) ကို ပြပါ။ အခန်း(၄)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)။ Slide (5) ကို ပြပါရှင်။ စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ငွေချေးပေးခွင့်ရှိသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံတွင်သာ ပေါင်နှံရမည်။ ယင်းသို့ အစိုးရ

... အမိန့် ... ပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်သူလယ်သမားတွေရဲ့ အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းရာမှာ အစိုးရအနေနဲ့ ဝန်ထုပ်ဝန်ပိုး ကြီးမားပါတယ်။ တောင်သူလယ်သမားတွေမှာလည်း ချေးငွေရရှိဖို့အတွက် အချိန်ကြန့်ကြာမှုတွေ၊ အခက်အခဲတွေ တွေ့နေရတာကို ကျွန်မတို့ မြင်တွေ့ ကြားသိနေရပါတယ်။

ဒါကြောင့် အစိုးရရဲ့ ဝန်ထုပ်ဝန်ပိုးကိုလည်း လျှော့ချ၊ တောင်သူလယ်သမားတွေအတွက်လည်း စိုက်ပျိုးအမီ ချေးငွေကိုရရှိ၊ ပုဂ္ဂလိက ငွေကြေးကဏ္ဍကိုလည်း အားပေးရာ ရောက်မှာဖြစ်လို့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဈ) ကိုတော့ တင်ပြထားတဲ့အတိုင်းပဲ ဆိုလိုပါတယ်။ တောင်သူလယ်သမားတွေရဲ့ လက်တွေ့ဘဝမှာ လယ်ယာတွေကို တစ်ခါတစ်ရံ လှပ်ထားဖို့လိုတဲ့ ကိစ္စတွေရှိပါတယ်။ ဒီလိုအခြေအနေအတွက် ဘာလုပ်ရမယ်ဆိုတာကို တိကျတဲ့ ပြဋ္ဌာန်းချက်မျိုး လိုအပ်တဲ့အတွက် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ည) ကိုလည်း Slide (7) မှာ တင်ပြထားတဲ့အတိုင်း ပြင်ဆင်လိုပါတယ်။ ရပ်/ကျေးလယ်စီအဆင့်အဖွဲ့ထံ လုပ်ပိုင်ခွင့်ကို အလွန်အကျွံ ပေးထားခြင်းဟာ ပြဿနာကို ဖန်တီးရာရောက်ပါတယ်။ ကျွန်မတို့ အတွေ့အကြုံအရ ရပ်/ကျေး လယ်စီအဖွဲ့တွေဟာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို နားမလည်ကြပါဘူး။ တစ်ခါတစ်ရံ ပုဂ္ဂိုလ်ရေးဘက်လိုက်မှုတွေရှိတတ်ပါတယ်။ ဒီလိုအခြေအနေမျိုးတွေကြားမှာ တိကျတဲ့ သတ်မှတ်ချက် ချမထားဘဲနဲ့ အမိန့်ပေးပိုင်ခွင့် ပေးထားခြင်းဟာ မသင့်လျော်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ မူရင်းဥပဒေပါ ပြဋ္ဌာန်းချက် အတိုင်းပဲ ထားရှိဖို့အတွက် တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။

အခန်း(၆)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(စ)မှာ ကျွန်မအနေနဲ့ Slide (9) အားကစားကွင်းဆိုတဲ့ စကားရပ်ကို ထည့်သွင်းလိုပါတယ်။ ဖြည့်စွက်လိုပါတယ်။ နောက်တစ်ခါ အခန်း(၁၀)၊ ပုဒ်မ ၃၁ မှာ အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့်နေ့ရက်မှ (၆)လအတွင်း လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းတိုင်း စတင်အသုံးမပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်း မရှိရင်သော်လည်းကောင်း၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့်ကို ပြန်လည်ပယ်ဖျက်ပြီး ယင်းလယ်ယာမြေအား ပြန်လည်သိမ်းယူရမည်လို့ ဆိုလိုပါတယ်။

အခန်း(၁၁)၊ ပုဒ်မ ၃၂၊ နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် လယ်ယာမြေကို သိမ်းယူရာတွင် အနည်းဆုံးလိုအပ်သော ပမာဏကိုသာ သိမ်းယူရမည်။ စီမံကိန်းအား သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးရန် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး စီမံကိန်းကာလ ကုန်ဆုံး၍ အသုံးပြုနိုင်ခြင်း မရှိတော့သည့် လယ်ယာမြေကို မူလလယ်ယာမြေလုပ်ကိုင်ခဲ့သော သို့မဟုတ် မူလ လယ်ယာမြေ လုပ်ကိုင်ခွင့်ရရှိထားသော ပုဂ္ဂိုလ်အဖွဲ့အစည်းထံ ပြန်လည်ပေးအပ်ရမည်လို့ ပြင်ဆင် လိုပါတယ်။ ခေတ်အဆက်ဆက် စီမံကိန်းအကြောင်းပြ၊ လယ်ယာမြေတွေကို သိမ်းယူခဲ့ကြပေမယ့် အကောင်အထည်ဖော်နိုင်ခြင်းမရှိဘဲ နှစ်ပေါင်းများစွာ သိမ်းပိုက် တလွဲသုံးစွဲခဲ့ကြပြီး မူလပိုင်ရှင်

ပြန်တောင်းတဲ့ မြေမစွန့်လွှတ်တဲ့ အခြေအနေတွေကို ရပ်တန့်စေဖို့ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီဆွေးနွေးချက်ကို အစိုးရရဲ့ မြေအသုံးချစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒနှင့်အညီ ဆွေးနွေးတာဖြစ်ပါတယ်ရှင်။

လေးစားအပ်ရပါသော ဥက္ကဋ္ဌကြီးရှင်။ နောက်ဆုံးဆွေးနွေးလိုတဲ့ ပုဒ်မကတော့ အခန်း(၁၃)၊ အထွေထွေပြဋ္ဌာန်းချက်ရဲ့ ပုဒ်မ ၄၀ ပါ။ ဒီပုဒ်မကို ကျွန်မအနေနဲ့ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်လိုပါတယ်။ သဘောရိုးတို့၊ မသမာသော ရည်ရွယ်ချက်တို့ဆိုတာ အမှုအခင်းဖြစ်လို့ တရားရုံးကိုရောက်တဲ့အခါမှ နှစ်ဖက်စစ်ဆေး ကြားနာပြီးတော့ အခင်းမဖြစ်မီ၊ အခင်းဖြစ်ဆဲ၊ အခင်းဖြစ်ပြီး ပြုမူပြောဆိုလုပ်ကိုင်တဲ့ အခြေအနေတွေကို သုံးသပ်ပြီး သဘောရိုး ဟုတ်/မဟုတ်၊ မသမာသော ရည်ရွယ်ချက် ရှိ/မရှိ ဆိုတာ ဆုံးဖြတ်ရတာပါ။ ဒီပုဒ်မမှာ ပြဋ္ဌာန်းထားတဲ့ သဘောရိုး မသမာတဲ့ ရည်ရွယ်ချက်ဆိုတာမျိုး ဘယ်သူက သုံးသပ် ဆုံးဖြတ်ပေးလို့ တရားစွဲခွင့်မရှိစေရ ဆိုပြီးတော့ ပိတ်ပင်တာပါလဲ။ ကျွန်မအနေနဲ့တော့ ဒါဟာ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးကို ကြိုတင်ပိတ်ပင်ရာရောက်တဲ့အတွက် လက်တွေ့ ပြဋ္ဌာန်းချက်၊ လယ်စီအဖွဲ့တွေကို အကာကွယ်ပေးလွန်းတဲ့ ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ ဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီပုဒ်မကို ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၅။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တောင်သူလယ်သမား ရေးရာကော်မတီအဖွဲ့ဝင် ဦးဘွဲခိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် ပတ်သက်ပြီး လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ဖြည့်စွက်သင့်သော အချက်(၃)ချက်လေးကို တင်ပြလို ပါတယ်။ ဦးစွာပထမ ဆွေးနွေးလိုတာကတော့ အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ည)မှာ မူလဥပဒေမှာ ပြဋ္ဌာန်းထားတာက တောင်သူလယ်သမားအဖွဲ့အစည်းဆိုသည်မှာ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုအတွက် အထောက်အကူပြုစေရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုလိုသည်ဟု ဖွဲ့ဆိုထားပါတယ်။

ကျွန်တော် ပြင်ဆင်ဖွဲ့စည်းလိုတာကတော့ တောင်သူလယ်သမားအဖွဲ့အစည်းဆိုသည်မှာ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှုအတွက် အထောက်အကူပြုစေရန် ထုတ်ပြန်ထားသော ဥပဒေ တစ်ရပ်နှင့်အညီ တောင်သူလယ်သမားများဖြင့်သာ ဖွဲ့စည်းထားသော တောင်သူလယ်သမား အဖွဲ့အစည်းကို ဆိုလိုသည် စသဖြင့် ဖြည့်စွက်လိုပါတယ်။ အကြောင်းပြချက်ကတော့ ဥပဒေကျွမ်းကျင်

တောင်သူလယ်သမားများအပေါ် လွှမ်းမိုးချုပ်ချယ်မှု ကင်းဝေးစေရေးနှင့် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ဘဝများကို ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်နိုင်စေရေးအတွက် တောင်သူလယ်သမားများဖြင့်သာ ဆိုသည့် စကားရပ်ဖြင့် ဖြည့်စွက် ဖွဲ့စည်းသင့်ပါတယ်။

ဒုတိယအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ အခန်း(၃)၊ ပုဒ်မ ၁၁၊ မူလဥပဒေမှာ မြေနုကျွန်းပေါ် ချထားရေး ကိစ္စရပ်များအတွက် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေတွင် ထည့်သွင်းဖော်ပြထားရမည်ဟု ဖွင့်ဆိုထားတာကို တွေ့ရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြင်ဆင်ဖြည့်စွက်လိုတာကတော့ မြေနုကျွန်းချထားရေးကိစ္စရပ်များ ရွှေ့ပြောင်းတောင်ယာလုပ်ပိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့်များအတွက် သီးခြားနည်းလမ်းများကို ဤဥပဒေက ပြုလုပ်သည့် နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည် စသဖြင့် ဖြည့်စွက်လိုပါတယ်။ အကြောင်းပြချက်ကတော့ တိုင်းရင်းသားဒေသ တောင်ယာလုပ်ပိုင်ခွင့်များကို သီးခြားနည်းလမ်း အသုံးပြုတဲ့ စီမံခန့်ခွဲစေရန် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ အခန်း(၁၃)၊ ပုဒ်မ ၃၀ ရှိ မူလဥပဒေမှာ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးကို ရှေးရှု၍ ပြဋ္ဌာန်းထားသော ဥပဒေများအတိုင်း တောင်သူလယ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်သည်ဟု ဖွဲ့ဆိုထားပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြင်ဆင်ဖြည့်စွက်လိုတာကတော့ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို ရှေးရှု၍ တောင်သူလယ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေးကို ဝန်ကြီးဌာနမှ လိုအပ်သည့် နည်းဥပဒေများ ပြဋ္ဌာန်းပေးရမည်ဟု ဖြည့်စွက်လိုပါတယ်။ အကြောင်းပြချက်ကတော့ တောင်သူလယ်သမားများ အဖွဲ့အစည်းများ စနစ်တကျ ပေါ်ပေါက်လာရေးကို ရှေးရှု၍ ပြင်ဆင်သင့်ကြောင်း အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၉။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဒုတိယဝန်ကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။

ကျွန်တော် ဆွေးနွေးချင်တာကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပုဒ်မ ၃၊ ပုဒ်မခွဲ(ည)ကို ဆွေးနွေးလိုပါတယ်။ မူလဥပဒေပုဒ်မ ၃(ည)မှာ တောင်သူလယ်သမားအဖွဲ့အစည်းဆိုသည်မှာ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်

နှင့်အညီ ဖွဲ့စ

ချက်ကို ကျွန်တော့်အနေနှင့် တောင်သူလယ်သမားအဖွဲ့အစည်း ဆိုသည်မှာ တောင်သူလယ်သမား အကျိုးစီးပွားနှင့် အခွင့်အရေးများအတွက် ကိုယ်စားပြုဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသော ဥပဒေ တစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုသည်ဟု အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အစားထိုးပြင်ဆင်ချက်ကို ထောက်ခံအပ်ပါတယ်။

ဒီလိုထောက်ခံရတဲ့အကြောင်းကတော့ ကျွန်တော် အခန်း(၅)၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းခြင်း၊ အဲဒီ ဖွဲ့စည်းခြင်းမှာ မူလဥပဒေပုဒ်မ ၁၅ မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် (က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်း ကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အကြီးအမှူးများက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်သော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရမည်ဆိုသည့် ပုဒ်မ ၁၅(က)ကို ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ဖြည့်စွက်လိုတဲ့ ပုဒ်မ ၁၅(က)ကတော့ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အကြီးအမှူးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တို့မှ သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများ၊ ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော တောင်သူ လယ်သမားအဖွဲ့အစည်းမှ ရွေးချယ်တာဝန်ပေးသည့် တစ်ဦးဦးကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရမည်လို့ ပြင်ဆင်လိုပါတယ်။

ဒါမှသာ ပြည်သူတွေရဲ့ အဆုံးအဖြတ်နှင့် ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စား တာဝန်ယူ တင်ပြပေးမယ့် ကိုယ်စားလှယ်တွေ၊ တောင်သူလယ်သမားထုရဲ့ လိုအပ်ချက်တွေ၊ လိုအင် ဆန္ဒတွေကို တာဝန်ယူတင်ပြပေးမယ့် တောင်သူလယ်သမားထုရဲ့ ကိုယ်စားပြုမှုတွေပါဝင်လာရင် စီမံ ခန့်ခွဲမှုတွေမှာ ပိုမိုပြည့်စုံ ပီပြင်လာမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ဒီကနေ့ ဒီမိုကရေစီစနစ်ကို အခြေခံပြီး ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်တဲ့နေရာမှာ အားကောင်း မောင်းသန်နှင့် ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ နောက်ပုဒ်မတစ်ခုဖြစ်တဲ့ ပုဒ်မ ၁၆ ကို ဆွေးနွေးလိုပါတယ်။ မူလ ဥပဒေမှာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် (က) အောက်ပါလယ်ယာမြေ စီမံခန့်ခွဲမှုအဆင့်ဆင့် ကို ဖွဲ့စည်းပေးရမည်ဆိုပြီးတော့ (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ (၂) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ (၃) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ (၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဆိုပြီးတော့ ပြဋ္ဌာန်းထားတာကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ပုဒ်မ ၁၆ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် (က) အောက်ပါလယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်ကို ဖွဲ့စည်းပေးရမည်။ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ

တစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းများမှ ကိုယ်စားပြုသူများ၊ ပြင်ပပညာရှင်များ ပါဝင်စေရမည်လို့ ပြင်ဆင်ဖြည့်စွက် လိုပါတယ်။

ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအရေအတွက် ပါဝင်ရမယ့် ပုဂ္ဂိုလ်အသီးသီးရဲ့ နှုန်းစံတွေ၊ အရည်အချင်းတွေကိုတော့ နည်းဥပဒေမှာ ထည့်သွင်းရေးဆွဲလိုက်ရင် လွယ်ကူသွားမယ်လို့ တင်ပြလိုပါတယ်။ ယခုဆွေးနွေးမယ့် ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ ပြင်ဆင်ဖြည့်စွက်ချက်ကို ထည့်သွင်းရတဲ့ အကြောင်းအရင်းခံကတော့ တောင်သူလယ်သမားတွေဟာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် လယ်စီကို မယုံကြည်ခဲ့ကြတာ များပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေမှာလည်း တစ်ဖက်သတ် နိုင်ထက်စီးနင်းလုပ်ခဲ့တဲ့သာဓကတွေ အရင်ကာလက များစွာရှိခဲ့ပါတယ်။ အချက်အလက်တွေနဲ့ တင်ပြခဲ့ပါတယ်။ ဘာမှမထူးခြားခဲ့ပါဘူး။ ဒီလိုကိစ္စရပ်တွေ အခု အစိုးရသစ်လက်ထက်မှာ မပေါ်ပေါက်အောင် ဝိုင်းဝန်းကြိုးစားကြဖို့ လိုပါတယ်။

သာဓကပြရမယ်ဆိုရင် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေက လယ်သမားကြီးတစ်ဦးဟာ ငွေကြေးအခက်အခဲရှိလို့ သူ့ရဲ့လယ်ယာမြေကို အရပ်စာချုပ်နှင့် ငွေရှင်ကြေးရှင်ထံမှ (၁၀)ကျပ်တိုးနဲ့ သွားပေါင်ထားပါတယ်။ အတိုးတွေမှန်မှန်ပေးတယ်၊ နောက်ဆုံး အတိုးရော အရင်းရော (၃)နှစ် ပေးဆပ်ပြီးတော့ ကျေလည်အောင် ပေးဆပ်ပြီးတဲ့အချိန်မှာ ငွေရှင်ကြေးရှင်က ရပ်/ကျေးနှင့် မြို့နယ်လယ်စီကို သွားရောက်ပြီး ပူးပေါင်းခဲ့ပါတယ်။ ရပ်/ကျေးလယ်စီက ဘယ်လိုဆုံးဖြတ်ခဲ့သလဲ ဆိုတော့ လယ်သမားကြီးပိုင်တဲ့ (၂၉)ဧကကို (၁၄)ဧကစီ ခွဲဝေပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ လယ်သမားကြီးက မကျေနပ်ဘူး။ အဲဒီအတွက် မြို့နယ်လယ်စီကို ဆက်တက်တယ်။ အဲဒီအခါမှာ မြို့နယ်လယ်စီက ပေါင်တဲ့လယ်သမားကို လယ်သမားကြီးကို ဧက(၂၀)ပြန်ပေးပြီးတော့ ငွေရှင်ကြေးရှင်ကို (၉)ဧက ဆုံးဖြတ်ပေးလိုက်တယ်။ အဲဒီတော့ ကျွန်တော်တို့ တင်ပြချင်တာက လယ်ယာမြေအမှန်တကယ်လုပ်တဲ့ လယ်သမားနစ်နာခဲ့ပါတယ်။ လယ်ယာမြေအမှန်တကယ်လုပ်တဲ့ ပိုင်တဲ့ပိုင်ရှင်ရော၊ အတိုးပေးစားတဲ့သူကိုပါ ဒီလိုခွဲဝေပေးလိုက်ပါတယ်။ အဲဒီတော့ ဒီလယ်သမားကြီးက အမှန်တကယ်မှာ လယ်ကို ဓားမဦးချလုပ်နေတာဖြစ်ပါတယ်။ သူပဲပိုင်ဆိုင်တာ ဖြစ်ပါတယ်။ လယ်ယာပိုင်ဆိုင်တဲ့ တကယ်လုပ်တဲ့လယ်သမားက နစ်နာခဲ့ရပါတယ်။ ဒီလိုမတရားမှုတွေ များစွာရှိခဲ့ပါတယ်။ ဒါကြောင့် မူလဥပဒေရဲ့ ပုဒ်မ ၄၀ မှာပါတဲ့ ဒါနဲ့ပတ်သက်ပြီးတော့ ခုနက ကျွန်တော် သတိထားမိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦးဆွေးနွေးသွားခဲ့ပါတယ်။ ဒါကို ထောက်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၁၄း၂၆ နာရီအချိန်တွင် ရပ်နားပါသည်။]